# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အနှစ်ရှိသောတရား မရနိုင်**

အနှစ်မရှိသောတရား၌ အနှစ်ရှိ၏ဟု အယူရှိကြကုန်၏။ အနှစ်ရှိသော တရား၌မူကား အနှစ်မရှိဟု အယူရှိကြကုန်၏။ ထိုသူတို့သည် မှားသောကြံစည်မှုလျှင် (ကျက်စားရာ) အာရုံရှိကြကုန်ရကား အနှစ်ရှိသော တရားကို မရနိုင်ကြကုန်။ ယမကဝဂ်(ဓမ္မပဒ-၁၁)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက် | ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၂၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

# (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် အောက်တိုဘာ ၂၄

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) (MICC-II) ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ်စရာ**

**အနုသုခုမ မဟာဂီတ ရိုးရာအမွေမှ ထိန်းသိမ်းကြ**

ဆောင်းပါး စာ ၁၀

**မကွေးမြို့ ရွှေဟောင်းသမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကျင်းပ**

ပြည်တွင်းသတင်း စာ ၁၅

**ပိုးလမ်းမကွန်ရက်မှသည် ကမ္ဘာပတ်လမ်းဆီသို့**

ဆောင်းပါး စာ ၁၆

## မြန်မာ့အလင်း

# စိုက်ပျိုး မွေးမြူ ကုန်ထုတ်တိုးရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်တွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော စီးပွားရေး ဦးတည်ချက်တစ်ရပ်လည်း ပါဝင်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် နိုင်ငံ့လူဦးရေ၏ သုံးပုံနှစ်ပုံခန့်က တိုက်ရိုက်အားဖြင့်လည်းကောင်း၊ ဆက်စပ်၍လည်းကောင်း ပါဝင်ဆောင်ရွက်နေသည့် ကုန်ထုတ်လုပ်မှုကဏ္ဍများဖြစ်ရာ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် နိုင်ငံ့စီးပွားကို အထောက်အကူပြုနိုင်မည့်အပြင် ကျေးလက်ပြည်သူများ၏ လူမှုဘဝများကိုလည်း တိုးတက်စေမည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့သည် မြေယာကို အခြေပြုလုပ်ကိုင်ကြရသော လုပ်ငန်းများဖြစ်ပြီး တစ်ခုနှင့်တစ်ခု အပြန်အလှန် အကျိုးပြုသော လုပ်ငန်းများလည်းဖြစ်သည်။ နိုင်ငံအတွင်း စားရေရိက္ခာဖူလုံရေး၊ ကျေးလက်တောင်သူများ ဝင်ငွေတိုးတက်ရရှိရေးနှင့် လူနေမှုအဆင့်မြင့်မားလာရေး၊ စိုက်ပျိုးမွေးမြူထုတ်ကုန်များ ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့ကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ထို့အပြင် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် လယ်ယာကဏ္ဍ၏ ဂျီဒီပီတိုးတက်မှုနှုန်းကို ၂ ဒသမ ၄ ရာခိုင်နှုန်းရရှိရေး လျာထားဆောင်ရွက်လျက်ရှိရာ လယ်ယာစိုက်ပျိုးရေးအပိုင်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် သားငါးအပိုင်းမှ ၂ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်သွားကြရမှာဖြစ်သည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသည့် ခေတ်မီစိုက်ပျိုးရေးနှင့် မွေးမြူရေး နည်းစနစ်များကို လေ့လာ၍ မိမိတို့နိုင်ငံနှင့် ကိုက်ညီပြီး လက်တွေ့အကျိုးရှိစွာ အသုံးပြုနိုင်သည့် နည်းလမ်းများကို တီထွင်ကြံဆဆောင်ရွက်သွားကြရန် လိုအပ်သည်။ " စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် မြေများလုံလောက်စွာရှိသော်လည်း စိုက်ပျိုး မွေးမြူ ထုတ်လုပ်မှုများအားနည်းခြင်းကြောင့် အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရိက္ခာများ ဖူလုံသင့်သလောက် ဖူလုံခြင်း မရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ယခုနှစ်အတွင်း မိုးစပါး စိုက်ဧက ၁၄ ဒသမ ၉ သန်းရှိပြီး ၆ သန်းကျော်သာ သီးထပ်စိုက်ပျိုးကြောင်း၊ မိုးစပါး စိုက်ပျိုးပြီးသည့်အချိန်တွင် ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာနှင့် အခြားသီးနှံများကို စိုက်ပျိုးကြပြီး ကျန်ရှိသည့် ၇ သန်းကျော်တွင် သီးထပ်များ စိုက်ပျိုးခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ စိုက်ပျိုးခြင်းမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေခံရေသယံဇာတများ လုံလောက်စွာရှိသော်လည်း စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေများရရှိရေး ကြိုးပမ်းဆောင်ရွက်ပြီး မြေကို အကျိုးရှိစွာ အသုံးချနိုင်မည်ဆိုပါက စားရေရိက္ခာများ ဖူလုံပြည့်ဝလာမည်ဖြစ်ကြောင်း'' ယခုနှစ် ဇူလိုင်လအတွင်း UMFCCI ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေး ဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်။

မိမိတို့နိုင်ငံတွင် စားရေရိက္ခာဖူလုံရေးအတွက် အောင်အောင်မြင်မြင် စိုက်ပျိုးမွေးမြူ ဆောင်ရွက်နိုင်မည့် ရေမြေသယံဇာတများနှင့် အလုပ်လုပ်ကိုင်နိုင်သည့် လူသားအရင်းအမြစ်များ ပြည့်စုံစွာ ရှိနေသော်လည်း ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် များပြားခြင်းတို့ကြောင့် ရှိသင့်သည့် ကုန်ဈေးနှုန်းထက် ပိုမိုကြီးမြင့်လျက်ရှိသည်။ စိုက်ပျိုးနိုင်သည့် မြေကို အကျိုးရှိစွာအသုံးချနိုင်ရေးအတွက် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးခြင်း၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာများ အကူအညီပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေး ကြိုးပမ်းဆောင်ရွက်ခြင်းတို့အပါအဝင် နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းဝန်းဆောင်ရွက်ကာ စိုက်ပျိုးမွေးမြူ ကုန်ထုတ်တိုးရေး ကြိုးပမ်းကြရပါမည့်အကြောင်း။ ။

## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ယူရေးရှား ဒေသလုံခြုံရေးဆိုင်ရာ နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ တက်ရောက်ရန် ဘယ်လာရုစ်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၂၄**

ဘယ်လာရုစ် နိုင်ငံခြားရေးဝန်ကြီး စယ်ရဂေး အာလယဲနိခ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့တွင် ကျင်းပမည့် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် မန္တလေးမြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI)ဖြင့် ထွက်ခွာသွားသည်။



ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ယာပုံ) သတင်းစဉ်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော် ပါတီဝင်အင်အားစာရင်းများ မှန်ကန်ခြင်းရှိ/မရှိ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရန်ပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်သည် ယနေ့နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ နိုင်ငံရေးပါတီ ၇ ပါတီမှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပါတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ပါတီဝင်အင်အားများ စုဆောင်းမှုကအစ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများအပါအဝင် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ထူထောင်ဆောင်ရွက်ခြင်းဖြင့် မိမိဒေသအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးနိုင်သည့် ခိုင်မာအားကောင်းသော နိုင်ငံရေးပါတီများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် ပါတီဝင်အင်အားစာရင်းများအား ပူးပေါင်းအဖွဲ့ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ကချင်ပြည်နယ် လူမှုရေးရာဝန်ကြီး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများက နိုင်ငံရေးပါတီ ၇ ပါတီ၏ ပါတီဝင်အင်အားစာရင်းများ မှန်ကန်စေရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ပါတီအလိုက် အင်အားစာရင်းများ စစ်ဆေး ဆောင်ရွက်ရာတွင် ပူးပေါင်း ဆောင်ရွက်နေမှုနှင့် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ပြီး ပါတီဝင်အင်အားစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။



တွေ့ဆုံပွဲသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဌာနဆိုင်ရာများ၊ ရွေးကောက်ပွဲအရာရှိများ၊ ပါတီဝင် အင်အားစာရင်းတင်ပြထားသည့် နိုင်ငံရေးပါတီ ၇ ပါတီမှ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် ပါတီကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**အဖွင့်အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ရှိကြသည့် လူမျိုး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

ကိုယ်ပိုင်ထုံးဓလေ့များနှင့် မြန်မာ့မူ၊ မြန်မာ့ဟန်စစ်စစ်များကို ရှေးမြန်မာဘိုးဘွားအစဉ်အဆက်က ဖန်တီးပုံဖော်တည်ဆောက် ထိန်းသိမ်းလာခဲ့ကြသည်မှာ နှစ်ပေါင်းထောင်ချီ ကြာခဲ့ပြီဖြစ်ပါကြောင်း။

မြန်မာ့ရှေးဟောင်း မြို့ပြနိုင်ငံများမှ တွေ့ရှိခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများ၊ စာပေအထောက်အထားများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ခေတ်ပြိုင်မှတ်တမ်းများအရ **မြန်မာလူမျိုးများသည် ရှည်လျားသည့် သမိုင်းကြောင်းတစ်လျှောက်တွင် ဘာသာတရားဆိုင်ရာ အဆုံးအမများ၊ အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုထုံးဓလေ့များ၊ သိမ်မွေ့နက်နဲသည့် အနုသုခုမပညာရပ်များနှင့် ကိုယ်ပိုင်အမျိုးသား ယဉ်ကျေးမှုကို ခြေခြေမြစ်မြစ်ထူထောင်ခဲ့ကြပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစွာနေထိုင်လာခဲ့ကြသည့် လူမျိုးဖြစ်ကြောင်း ခိုင်မာစွာတွေ့ရှိရပါကြောင်း။**

**ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်**

သတင်းအချက်အလက်နှင့် နည်းပညာများ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် မျက်မှောက်ကာလတွင် ယဉ်ကျေးမှုတစ်သားတည်းဖြစ်ခြင်း၊ ယဉ်ကျေးမှုနှစ်ခြမ်းကွဲခြင်းနှင့် ယဉ်ကျေးမှုမျိုးကွဲများ ပေါင်းစပ်ခြင်းတို့ကို နိုင်ငံအသီးသီး ကြုံတွေ့ရလျက်ရှိပါကြောင်း၊ **မိမိတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများ မေးမှိန်ပျောက်ကွယ်သွားပါက နိုင်ငံနှင့်လူမျိုးအပေါ် အထင်ကြီးလေးစားမှုလျော့နည်းပြီး အမျိုးသားရေးအားမာန်များ ခန်းခြောက်လာမည် ဖြစ်ပါကြောင်း၊ အမျိုးသားရေးအားမာန်ခန်းခြောက်လာသည်နှင့်အမျှ နိုင်ငံ၏အချုပ်အခြာအာဏာကို နှောင့်ယှက်ထိပါးလာကြမည်ဖြစ်ပါ**ကြောင်း၊ ထို့ကြောင့် နိုင်ငံတိုင်းက မိမိတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ၊ အမျိုးသားရေးစံနှုန်းများနှင့် အမျိုးသားရေးအနှစ်သာရများ မေးမှိန်တိမ်ကော ပျောက်ကွယ်သွားခြင်း မရှိရအောင်၊ *စာမျက်နှာ ၄ သို့*

# အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများအနက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ ကျင်းပခြင်းသည်လည်း တစ်မျိုးသားလုံးပါဝင်ဆောင်ရွက်ကြသည့် အဆင့်အမြင့်ဆုံး အမျိုးသားရေးအားထုတ်မှုတစ်ရပ်ဖြစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ “ထိန်းသိမ်းစို့လေ ရိုးရာအမွေ” ဖွင့်ပွဲ ဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

❖ **မိမိတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုများ မေးမှိန်ပျောက်ကွယ်သွားပါက နိုင်ငံနှင့်လူမျိုးအပေါ် အထင်ကြီးလေးစားမှုလျော့နည်းပြီး အမျိုးသားရေးအားမာန်များ ခန်းခြောက်လာမည်၊ အမျိုးသားရေးအားမာန်ခန်းခြောက်လာသည်နှင့်အမျှ နိုင်ငံ၏အချုပ်အခြာအာဏာကို နှောင့်ယှက် ထိပါးလာကြမည်၊ ထို့ကြောင့် နိုင်ငံတိုင်းက မိမိတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ၊ အမျိုးသားရေးစံနှုန်းများနှင့် အမျိုးသားရေးအနှစ်သာရများ မှေးမှိန်တိမ်ကော ပျောက်ကွယ်သွားခြင်းမရှိရအောင်၊ အမျိုးသားရေးစိတ်ဓာတ် ခိုင်မြဲအောင် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်လျက်ရှိနေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်**

*စာမျက်နှာ ၃ မှ*

အမျိုးသားရေးစိတ်ဓာတ် ခိုင်မြဲအောင် ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်လျက်ရှိနေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ကောင်းမြတ်သည့် ဂုဏ်ဒြပ်နှင့် အစဉ်အလာ၊ အမျိုးသားရေးစံနှုန်းများကို ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့နေစေဖို့ ရည်မှန်းပြီး အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ် ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်က အလေးထားကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ထိုကဲ့သို့ **အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများအနက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ ကျင်းပခြင်းသည်လည်း တစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်ကြသည့် အဆင့်အမြင့်ဆုံး အမျိုးသားရေးအားထုတ်မှုတစ်ရပ်ဖြစ်**သည်ဟု ပြောကြားလိုပါကြောင်း။

**အားရကျေနပ်ဖွယ်ရာတွေ့ရ**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများတွင် ပြိုင်ပွဲအမျိုးအစားများကို အရေအတွက်အရရော အရည်အသွေးအရပါ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်စီစဉ်ပေးခဲ့ပါကြောင်း၊ ယခုနှစ် (၂၄) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင်လည်း မိမိတို့၏ စိတ်ဆန္ဒအလျောက် မြန်မာ့အနုပညာကို စိတ်ပါဝင်စားမြတ်နိုးသူများ တိုးပွားလာမှု၊ မိဘပြည်သူများ၏ အားပေးမှု၊ နိုင်ငံတော်၏ အားပေးချီးမြှင့်မှု၊ သက်ဆိုင်ရာ



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရှင်းလင်းတင်ပြစဉ်။

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၏ ထောက်ပံ့ကူညီမှုတို့ကြောင့် ယခင်နှစ် (၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲထက်ပြိုင်ပွဲဝင်ဦးရေ တိုးတက်များပြားလာသည်ကိုလည်း အားရကျေနပ်ဖွယ်ရာတွေ့ရပါကြောင်း။

ထို့ကြောင့် မြန်မာတို့၏ ထူးခြားမြင့်မြတ်သည့် အစဉ်အလာများနှင့် အမျိုးဂုဏ် ဇာတိဂုဏ် ပိုမိုထွန်းတောက်ရေး၊ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးဟု ဝင့်ဝင့်ထည်ထည် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရေးအတွက် အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိ မြဲမြံစွာဖြင့် မြန်မာ့အမျိုးသားယဉ်ကျေးမှုကို ဆက်လက်မြှင့်တင်ထိန်းသိမ်းသွားကြပါရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ပြည်သူအားလုံးနှင့် အနုပညာရှင်များ၊ လူငယ်လူရွယ်များ အားလုံးအနေဖြင့် နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးတိုးတက်စည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ ကမ္ဘာ့အလယ်တွင် တင့်တယ်စွာ ဆက်လက်ရှင်သန်နေစေရေးအတွက် အနုပညာစွမ်းအားနှင့် ကြိုးပမ်းဆောင်ရွက်ပေးကြရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လာမှု အန္တရာယ်ကို ခုခံကာကွယ်နိုင်ရေး၊ ဘိုးဘွားတို့၏ ယဉ်ကျေးမှု အမွေအနှစ်များကို လက်ဆင့်ကမ်းအမွေဆက်ခံမည့် မျိုးဆက်သစ်လူငယ်များ အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံအား ပြည့်ဝခိုင်မာလာစေရေး အနုပညာစွမ်းအားနှင့် ကြိုးပမ်းဆောင်ရွက်ပေးကြရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ ဝင့်ထည်စွာ တည်တံ့စေရေးအတွက် ဦးတည်ပြီး အမျိုးသားယဉ်ကျေးမှု အဆင့်အတန်း အစဉ်ထာဝရမြင့်မားစေရအောင် အနုပညာစွမ်းအားဖြင့် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပေးကြရေး တိုက်တွန်းမေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အနုပညာရှင်များက ဂီတစာဆိုအလင်္ကာကျော်စွာ ဦးမောင်မောင်လတ် ရေးစပ်သီကုံးထားသော “ထိန်းသိမ်းစို့လေ ရိုးရာအမွေ” ဖွင့်ပွဲဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက် (၄) ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သမဝါယမအသင်းသား တောင်သူများ၏ မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေ ကွင်းဆင်းကြည့်ရှု



အမ်း အောက်တိုဘာ ၂၄

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် မိုးစပါးစိုက်ပျိုးမှုများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဂါယ်လောင်းကျေးရွာ စံပြစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမအသင်းရှိ အသင်းသားတောင်သူများ၏ မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းကြည့်ရှုပြီး အထွက်နှုန်းကောင်းမွန်ရေးနှင့် ပျက်စီးလေလွင့်မှုနည်းပါးရေး ဆောင်ရွက်သွားရန် ပြောကြားသည်။

အဆိုပါ အသင်း၌ အသင်းသားတောင်သူ ၄၉ ဦး၏ မိုးစပါးစိုက်ပျိုးဧက ၁၅၀ တွင် GW-11 စပါးနှင့်ပေါ်ဆန်းရင် စပါးမျိုးများ စိုက်ပျိုးထားရှိကြောင်းနှင့် အမ်းမြို့နယ်အနေဖြင့် သမဝါယမအသင်းလေးသင်းရှိ အသင်းသားတောင်သူ ၁၂၅ ဦး၏ မိုးစပါးစိုက်ပျိုးဧက စုစုပေါင်း ၃၈၀ တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် GW-11 စပါးနှင့် ပေါ်ဆန်းရင် စပါးမျိုးများ စိုက်ပျိုးထားရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ စတင်ကျင်းပ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များ အဆင့်မြင့်ပညာအဆင့် ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ တီးခတ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၄** (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ဗဟိုအဆင့် ဟူ၍ အဆင့်ဆင့် ကျင်းပခြင်းဖြစ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၃၀၆ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကဲဖြတ်ပညာရှင် ၁၇၂ ဦးဖြင့် စနစ်တကျ စိစစ်အကဲဖြတ် အမှတ်ပေးသွားကြမည် ဖြစ်ကြောင်းနှင့် အဆိုပါပြိုင်ပွဲကြီးကို အောက်တိုဘာ ၂၄ ရက်မှ ၃၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

### မဟာဂီတ တေးသီချင်းအဆိုပြိုင်ပွဲ

ယနေ့တွင် **"မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆောင်ဝဇီယာ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အောင်မြေသာဓိ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မြူဝန်းလို့ခို" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**"ကာလပေါ်" တေးသီချင်းအဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) Signing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေသဇင်" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေသာယာ" သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း ကကြိုးကကွက်စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

### အရေးပြိုင်ပွဲ

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇာတိပုည ဂုဏ်မာန" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထိန်းသိမ်းစို့လေ ရိုးရာအမွေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဗလငါးတန်ဒို့ရည်သန်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝါကျွတ်အခါမီ တူရာသီ"ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

### စန္ဒရားအတီးပြိုင်ပွဲ

**စန္ဒရားအတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) News Briefing Room ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အတိုင်းမသိ မင်္ဂလာ"(ဘွဲ့) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းနွေဦး" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိန်ကြယ်ညီးလင်း"(မွန်) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောင်ဇမ္ဗူပိုင်" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

### စောင်းအတီးပြိုင်ပွဲ

**စောင်းအတီး** ပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "သင်းရရင်းကြိုင်" (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းညောင်လှိုင်ဘွဲ့" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သောင်းကျေးဒီပါဖွေ" (မွန်) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လေပြည်ဆော်သွင်မြူး"(ယိုဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းနွေဦး" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

*စာမျက်နှာ ၆ သို့*



အခြေခံပညာ(၁၅-၂၀) အမျိုးသမီး မဟာဂီတ တေးသီချင်းအဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မအေးမြတ်ချယ် ပါဝင်ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး အကပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ငြိမ်းချမ်းခိုင် ပါဝင်ယှဉ်ပြိုင်စဉ်။

*စာမျက်နှာ ၅ မှ*

**ဒိုးပတ်အတီး** ပြိုင်ပွဲကို အမျိုးသား စာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာ ခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်း ဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန္တလာပန်တျာရုပ်စုံသဘင်အဖွဲ့ တင်ဆက်ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။

မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြုးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းအဖွဲ့အလိုက် အတီး ပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနရှိ (လေ့ကျင့်ရေးဇာတ်ရုံ)၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်ယှဉ်ပြိုင်ကြသည်။

**တင်ဆက်ကပြယှဉ်ပြိုင်**

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “ပညာရွှေအိုး” ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု မန္တလာပန်တျာရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြေများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီး ပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနရှိလေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် “မဟော်သဓာ” ဇာတ်တော်ကြီးဖြင့် မကွေးတိုင်းဒေသကြီး ကိုယ်စားပြု မင်းချစ်သူ မဟော်သဓာ ဇာတ်တော်ကြီး အဖွဲ့က မူရင်းမဟော်သဓာ ဇာတ်တော်ကြီး၏ တီးလုံး တီးချက်များကို မြန်မာ့ဇာတ်သဘင်၏ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာ ရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။



အရေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**ကြည့်ရှုအားပေး**

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူမိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ၊ မြန်မာ့ရိုးရာ အနုသုခုမ ပညာရပ်များကို တိမ်ကောပပျောက်ခြင်း မရှိစေရန်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးကို ရည်မျှော်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့ရာ ယခုဆိုလျှင် (၂၄) ကြိမ်တိုင်ရောက်ရှိခဲ့ပြီဖြစ်သည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသည့် တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှုကို အထောက်အကူပြုခြင်း၊ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်စေရေးကို အထောက်အကူပြုခြင်း၊ မျိုးဆက်သစ် လူငယ်မောင်မယ်များ၏ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုခြင်း စသည့်အကျိုးကျေးဇူးများကြောင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၂ ခုနှစ်က စတင်ပြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အစဉ်အလာမပျက် ပြန်လည်ကျင်းပပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မျိုးမြန်မာရိုးရာကိန်း ထိန်းသိမ်းတဲ့ပွဲ

❖ အတွေးပီသ ရေးသီကြတဲ့
ရှေးဂီတရဲ့ သံစဉ်တွေ
အေးကြည်မြတဲ့ ဂန္ထဝင်အမွေ။

❖ ကာရန် စာမှန် ရာကြံကြတဲ့
ကဗျာဟန်အလှနဲ့တေးသံတွေ
မဟာဆန်လှတဲ့ ရှေးဟန်ပေ။

❖ ထံတျာ မှန်စွာ ဟန်ပါလှလို့
ဖန်တစ်ရာမက တို့နားဆင်လည်း
အသံသာလှသမို့ နားတွင်စွဲ။

❖ စည်းဝါး နည်းမများ မီးထားကြလို့
ကြီးပွားများလျက် မြန်မာ့ဂီတ
နည်းခြားများထက် အလှပီသ သဟော့။

❖ မျိုးမာန် အဖိုးတန် အရိုးခံအလှမို့
ဆိုးဟန် မသတဲ့ နရီအလှပေ
မျိုးမာန်မချခဲ့ ဂီတအမွေ။

❖ ဆင့်ကမ်း ပွင့်ပန်း တင့်ဆန်းလှပ
အမြင့်နန်း မြန်မာ့အလှ ယှဉ်ဖက်ကာ
ခွင့်လမ်းရသမျှ တင်ဆက်လာ။

❖ အနောက်ဟန် ဖောက်ပြန် မောက်ဟန်အပြန့်
ဖျောက်မာန် အကနဲ့ တေးသံတွေ
မထောက်ခံကြနဲ့ ဘေးရန်သွေ။

❖ ရိုးရာ တိုးကာ မျိုးမြန်မာအစစ်တို့
ဖြိုးရာရစ်ဖို့ တွေးကာအတည်
ကြိုးကာလှစ်လို့ တေးကဗျာစီ သဟော့။

❖ အမျိုးသားရေး
နိုးကြားတေးအဖုံဖုံနဲ့
ဂီတပီသခြုံ ထက်ဇွဲနန်းဆီက
လျှမ်းဂုဏ် ဆန်းစုံစွာဖြင့်
မျိုးမြန်မာ ရိုးရာကိန်း
(အလိုက္ခယ်)ထိန်းသိမ်းတဲ့ပွဲ။

**မောင်လေပြေ(တောင်တွင်း)**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဂုဏ်ပြုလျက်။

# ဒီပြိုင်ပွဲကြောင့် ကိုယ့်ရဲ့ရိုးရာယဉ်ကျေးမှုတွေကို ထိန်းသိမ်းချင်တဲ့စိတ်ဓာတ်တွေ ထက်သန်လာကြတယ်ဆိုတာကတော့ သေချာပါတယ်

ဒေါက်တာအောင်နေမျိုး

၂၀၂၃ ခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ် ထိန်းသိမ်းခြင်းနှင့် ထပ်တူအမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက် (၄) ရပ်ဖြင့် ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြုပြိုင်ပွဲဝင်များ၊ အဖွဲ့ခေါင်းဆောင်နှင့် ပြိုင်ပွဲအကဲဖြတ်ဒိုင်များ၏ ရင်တွင်းစကားသံများကို ပြန်လည်ဖော်ပြပေးလိုက်ရပါသည်။

**တက္ကသိုလ်လှဲ့လှဲ့ (ခေတ်ဟောင်းကာလပေါ်/ အမျိုးဂုဏ်၊ ဇာတိဂုဏ် အကဲဖြတ်ပညာရှင်)**

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုဘာသာရပ်မှာ အကဲဖြတ်ပညာရှင်အနေနဲ့ ဆောင်ရွက်သွားမှာပါ။ အဆိုဘာသာရပ်မှာ မဟာဂီတ၊ ခေတ်ဟောင်းကာလပေါ်တေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ဆိုပြီး အပိုင်းသုံးပိုင်း ခွဲထားပါတယ်။



မခိုင်အေးစိုး



မောင်ချမ်းမင်းနိုင်



မောင်ပိုင်ဖြိုးကို

ကျွန်မက ကိုယ်ကျွမ်းကျင်တဲ့ ခေတ်ဟောင်းကာလပေါ်တေးနဲ့ အမျိုးဂုဏ် ဇာတိဂုဏ် နှစ်ခုကို အကဲဖြတ်ပညာရှင်အနေနဲ့ တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခုပြိုင်ပွဲမှာ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးက ပြိုင်ပွဲဝင်တွေအားလုံး လာရောက်ယှဉ်ပြိုင်မှာ ဖြစ်တယ်။ အဲဒီအထဲက အတော်ဆုံးကို ကျွန်မတို့က ရွေးချယ်ပေးရမှာ ဖြစ်ပါတယ်။ တိုင်းစွဲ၊ ပြည်နယ်စွဲထားစရာမလိုဘူး။ အားလုံးက ဂီတကိုဝါသနာပါတဲ့အတွက် လာရောက်ယှဉ်ပြိုင်ကြတာဖြစ်တယ်။ မြန်မာသံ ဂီတတွေ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုတွေဟာ အခုပြိုင်ပွဲကြီးမှာရှိနေတဲ့အတွက် ပံ့ပိုးပေးရမယ့် တာဝန်ရှိပါတယ်။

ပြိုင်ပွဲဝင်တွေမှာ အဓိက အသံပါဝါရှိရမယ်၊ စည်းဝါး ပိုင်နိုင်ရမယ်၊ မူလတေးသီချင်းကို ရရမယ်၊ သီဆိုတဲ့အခါမှာ စာသားတွေကိုလည်း တိတိကျကျနဲ့ နားဆင်တဲ့သူတွေ ရင်ထဲကို ခံစားချက်ရအောင် ဆိုနိုင်ရမယ်။ မြန်မာသီချင်းတွေဟာ နားထောင်လိုက်ရင် လွယ်သယောင်နဲ့ တကယ်တော့ ခက်ခဲပါတယ်။ မြန်မာ့ရိုးရာသီချင်းကို အဆို၊ အက၊ အရေး၊ အတီးတို့ အားလုံးပေါင်းလိုက်ရင် မြန်မာ့ယဉ်ကျေးမှုဟာ အင်မတန်မှ မြင့်မားပါတယ်။ အဆိုဘာသာရပ်မှာ ကျွန်မတို့အနေနဲ့ ဌာန်ကရိုဏ်အောင် မတတ်တဲ့ သီချင်းတွေအများကြီးရှိတဲ့အတွက် အခုချိန်အထိအများကြီးပြန်လေ့လာနေတုန်းပါ။ ဒီပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တွေ အားလုံးက အချိန်တွေကုန် လူပင်ပန်းခံပြီး လာရောက်ယှဉ်ပြိုင်ကြတဲ့အတွက် အဆိုဘာသာရပ်မှာ နံပါတ်တစ်သည် နံပါတ်တစ်နဲ့ ထိုက်တန်အောင် ရစေရမယ်။ ဘယ်သူကိုမှ မျက်နှာလိုက်ချင်း တိုင်းစွဲ၊ ပြည်နယ်စွဲ မရှိဘဲနဲ့ ကျွန်မတို့ရဲ့ ဂီတအနုပညာ မြန်မာသံစစ်စစ်ကို တတ်ကျွမ်းတဲ့ သားသမီးတွေက ဆက်လက်သယ်ပိုး ထမ်းဆောင်သွားရမှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကနေ ပါရမီရှင်နဲ့ ရွက်ပုန်းသီးလေးတွေ ပေါ်လာမယ်။ ဘယ်လိုပဲ ပေါ်လာပေါ်လာ အဆိုကဏ္ဍမှာ ထူးချွန်တဲ့ ကလေးတွေကို ပါဝင်လာအောင် ကြိုးစားအားထုတ်ပြီး ရွေးချယ်သွားမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲက ပေါ်ထွက်လာမယ့် ရွက်ပုန်းသီးတွေကိုလည်း ရှေ့ဆက်လက်တွဲခေါ်ပြီး မြှင့်တင်ပေးသွားမှာ ဖြစ်ပါတယ်။

အခုလို ပြိုင်ပွဲကြီး ကျင်းပပေးတဲ့အတွက် ဝမ်းသာကျေနပ်မိပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးကို တချို့တွေက တန်ဖိုးထားရမှန်း မသိပါဘူး။ တကယ်တော့ တန်ဖိုးထားရမှာ ဖြစ်ပါတယ်။ ကိုယ့်တိုင်းပြည်ကို ချစ်ရင်၊ ကိုယ့်လူမျိုးကို ချစ်ရင်၊ ကိုယ့်အမျိုးသားဂီတနဲ့ ကိုယ့်အမျိုးသားရေး ဆို၊ က၊ ရေး၊ တီးကို ဘာလို့ မချစ်နိုင်ရမှာလဲ ဆိုတဲ့စကားကို ကျွန်မဆရာက ပြောခဲ့ပါတယ်။ ကိုယ့်တိုင်းပြည်ကို ချစ်သလို ကိုယ့်ရိုးရာယဉ်ကျေးမှုကိုလည်း ဘာလို့ မချစ်နိုင်ရမှာလဲဆိုတဲ့ စကားလေးတစ်ခွန်းကို ကျွန်မတို့အသည်းစွဲအောင် မှတ်ထားပါတယ်။ ကိုယ့်လိုပဲ တခြားသူတွေကိုလည်း ဒီစကားလေးကို မှတ်သားစေချင်ပါတယ်။

**ဒေါက်တာအောင်နေမျိုး (ရှမ်းပြည်နယ်အဖွဲ့ခေါင်းဆောင်)**

ကျွန်တော်တို့ ရှမ်းပြည်နယ် အကအဖွဲ့အနေနဲ့ကတော့ ဖျော်ဖြေရေးအကအဖွဲ့အဖြစ် ဖျော်ဖြေသွားမှာပါ။ ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့မှာ အဖွဲ့ဝင် ၂၀ ပါဝင်ပါတယ်။ ပြီးခဲ့တဲ့နှစ်က မဲနှိုက်ရွေးချယ်ရာမှာ ရှမ်းရိုးရာအက မဲပေါက်တဲ့အတွက် ဒီနှစ်မှာ ရှမ်းတိုင်းရင်းသားရိုးရာအကကို ပြည်နယ်နဲ့ တိုင်းဒေသကြီးက ပြိုင်ပွဲဝင်အဖွဲ့တွေအားလုံး ပါဝင်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ရှမ်းတိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့မှာရှိတဲ့ နည်းပြတွေက ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးကို သွားရောက်ပြီး သင်ကြားလေ့ကျင့်ပေးထားပါတယ်။ ယခုကျင်းပတဲ့ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှာ ကိုယ့်တိုင်းရင်းသား ရိုးရာအကနဲ့ အားလုံးက ပြိုင်ကြမယ်ဆိုတော့ အားလုံးပါဝင်ယှဉ်ပြိုင်ကပြလို့ရအောင်၊ အားလုံးလည်း လိုက်ကနိုင်အောင် ကကြိုးကကွက်တွေနဲ့ သီချင်းတေးသွားကအစ ကြိုတင်ပြင်ဆင်ရပါတယ်။

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ကျင်းပတဲ့အခါ လူငယ်တွေ၊ ကလေးတွေ ဒီပညာရပ်တွေနဲ့ ပတ်သက်လို့ လေ့လာဆည်းပူးရကောင်းမှန်း သိသွားတယ်။ ပိုပြီးတော့ ရင့်သန်အောင်၊ ထက်မြက်အောင် ကြိုးစားချင်စိတ်တွေ ဖြစ်လာကြတယ်။ ဒီပြိုင်ပွဲကြောင့် ကိုယ့်ရဲ့ရိုးရာယဉ်ကျေးမှုတွေကို ထိန်းသိမ်းချင်တဲ့ စိတ်ဓာတ်တွေ ထက်သန်လာကြတယ် ဆိုတာကတော့ သေချာပါတယ်။ တိုင်းရင်းသားစာပေတွေနဲ့ပတ်သက်ပြီး တိုင်းရင်းသား အသီးသီးက ကိုယ်ရဲ့ ယဉ်ကျေးမှု၊ အနုပညာကို ညီအစ်ကို မောင်နှမအချင်းချင်း သိရှိအောင် လုပ်ချင်တဲ့စိတ်တွေ၊ ကြိုးစားချင်တဲ့စိတ်တွေများလာပါတယ်။ အထူးသဖြင့် သိသာတာကတော့ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးကို စေလွှတ်လိုက်တဲ့နည်းပြတွေက သူတို့ပြသပေးရတဲ့ အသင်းအဖွဲ့ကို အကောင်းဆုံးဖြစ်အောင်၊ ကောင်းသထက်ကောင်းအောင် အပြိုင်အဆိုင် ကြိုးစားကြတာ တွေ့ရပါတယ်။ ဒီလိုသိရတဲ့အတွက် ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ တိုင်းရင်းသားအားလုံးရဲ့ စာပေနဲ့ ယဉ်ကျေးမှုပေါ်မှာ အားလုံးကဝိုင်းဝန်းပြီး စိတ်ဝင်စား မြတ်နိုးတတ်လာမယ်ဆိုတာကို သေချာပါတယ်။

**မခိုင်အေးစိုး (ချင်းပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်မက ဝါသနာရှင်အဆင့် (ဒုတိယတန်း) ခေတ်ဟောင်းကာလပေါ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ အခုလို လာရောက်ယှဉ်ပြိုင်ဖို့အတွက် ပြည်နယ်မှာ ပြိုင်ပွဲမကျင်းပမီ Camp ဝင်ပြီး သေသေချာချာလေ့ကျင့်ထားတဲ့အတွက် အောင်မြင်မှုရရှိမယ်လို့ မျှော်လင့်ပါတယ်။ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်တဲ့အတွက် အတွေ့အကြုံကောင်းတွေရရှိမယ်လို့ ယုံကြည်ပါတယ်။ အခုပြိုင်ပွဲကို ကျင်းပပေးတဲ့ တာဝန်ရှိသူတွေ အားလုံးကို ကျေးဇူးတင်ပါတယ်။ ဒီပြိုင်ပွဲကြီးမှာ တိုင်းဒေသကြီးနဲ့ပြည်နယ်က တိုင်းရင်းသားညီအစ်ကို မောင်နှမတွေနဲ့လည်း တွေ့ဆုံခွင့်ရတဲ့အတွက် အင်မတန်ဝမ်းသာပါတယ်။



တက္ကသိုလ်လှဲ့လှဲ့



ဒေါက်တာအောင်နေမျိုး

**မောင်ချမ်းမင်းနိုင် (ကချင်ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်တော်က စောင်းအတီးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်အတွင်း) အမျိုးသားပြိုင်ပွဲမှာ ဆန်းနွေဦး (ယိုးဒယား) သီချင်းနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ပြိုင်ပွဲမတိုင်ခင်ကတည်းက သေသေချာချာ အချိန်ပေးပြီး လေ့ကျင့်ခဲ့သမျှကို အခုပြိုင်ပွဲကြီးမှာ အားပါးတရဖော်ထုတ်ခွင့်ရလို့ အင်မတန်ဝမ်းသာတယ်။ ဒီပြိုင်ပွဲကတစ်ဆင့် ကျွန်တော်တို့ရဲ့ အတတ်ပညာတွေကို ဖော်ထုတ်ခွင့်ရတာဖြစ်တဲ့အတွက် ပြိုင်ပွဲကျင်းပမယ့်အချိန်ကို မျှော်နေခဲ့တာပါ။ အခုလို ပြိုင်ပွဲကြီး ကျင်းပပြုလုပ်ပေးတဲ့အတွက် တာဝန်ရှိသူတွေအားလုံးကို မျိုးဆက်သစ်တွေကိုယ်စား ကျေးဇူးတင်ပါတယ်။ ဒီပြိုင်ပွဲကနေတစ်ဆင့် အဆို၊ အက၊ အရေး၊ အတီး ပညာရှင်တွေ ပေါ်ထွက်လာမယ်လို့လည်း ယုံကြည်ပါတယ်။

**မောင်ပိုင်ဖြိုးကို (ချင်းပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်တော် ဝါသနာရှင်အဆင့် (ဒုတိယတန်း) မဟာဂီတနဲ့ အမျိုးဂုဏ် ဇာတိဂုဏ်ဘာသာရပ်မှာ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲမတိုင်ခင်ကတည်းက ကြိုတင်ပြင်ဆင်မှုတွေ အများကြီးပြုလုပ်ထားပါတယ်။ သီချင်းက မဟာဂီတဆိုတော့ ကျွန်တော်တို့ရဲ့ တကယ်ကြီးမြတ်တဲ့ ဘာသာရပ်တွေဖြစ်တဲ့အတွက်ကြောင့် ကြိုတင်ပြင်ဆင်မှုတွေ အများကြီးလုပ်ရပါတယ်။ မနှစ်က ဝါသနာရှင်အဆင့် (ပထမတန်း)ကာလပေါ် ဘာသာရပ်မှာ ချင်းပြည်နယ်ကိုယ်စားပြု ပထမဆုရရှိခဲ့ပါတယ်။ အခုနှစ်ပြိုင်ပွဲမှာဆိုရင် အရင်နှစ်ကထက် ပိုပြီးစိတ်အားထက်သန်ပြီး ပြိုင်ပွဲဝင်တဲ့သူတွေများလာပြီး အဆိုကောင်းကြတဲ့သူတွေဖြစ်တဲ့အတွက် အရင်နှစ်ကထက် ပိုပြီးကြိုးစားထားပါတယ်။

**တွေ့ဆုံမေးမြန်း – ဟိန်းမင်းစိုး၊ သန်းမင်းအောင်၊ ဓာတ်ပုံ – HMS**

# (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှု ဓာတ်ပုံမြင်ကွင်း




အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ကာလပေါ် တေးသီချင်းပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မပန်သခင်ကို သီဆိုယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး အကပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ မဇွန်ပွင့်ဖြူ ကပြယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ကာလပေါ် တေးသီချင်းပြိုင်ပွဲတွင် ချင်းပြည်နယ်မှ ဦးသက်နိုင် သီဆို ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး မဟာဂီတတေးသီချင်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မမှူးမြတ်ခြယ် သီဆိုယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး စန္ဒရားပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မဆောင်းရနံ့ ယှဉ်ပြိုင်တီးခတ်မှုကို တွေ့ရစဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး စန္ဒရားပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မမေဝင့်ထည် ယှဉ်ပြိုင်တီးခတ်မှုကို တွေ့ရစဉ်။



ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး အတီး (စောင်း) ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်၏ ယှဉ်ပြိုင်တီးခတ်မှု။



ဝါသနာရှင်အဆင့် (ပထမတန်း) ဒိုးပတ် (အတီး) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှု။

# (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှု ဓာတ်ပုံမြင်ကွင်း




ဝါသနာရှင်(ပထမတန်း) အမျိုးသားကာလပေါ် တေးသီချင်းပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ဦးဝင်းဦး သီဆိုယှဉ်ပြိုင်စဉ်။




ဝါသနာရှင်(ဒုတိယတန်း) ဒိုးပတ်အတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်မှု။




ဝါသနာရှင်(ပထမတန်း) အမျိုးသား မဟာဂီတတေးသီချင်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ဦးမင်းဟန် (ခ) ဦးမြင့်ကြည် သီဆိုယှဉ်ပြိုင်စဉ်။




အခြေခံပညာ (အသက် ၁၀ နှစ်မှ အသက် ၁၅ နှစ်အတွင်း) အမျိုးသမီး ကာလပေါ်တေးသီချင်းပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မဂျူးဂျူးဝတီ သီဆိုယှဉ်ပြိုင်စဉ်။




အခြေခံပညာ (အသက် ၁၀ နှစ်မှ အသက် ၁၅ နှစ်အတွင်း) အမျိုးသမီး ကာလပေါ်တေးသီချင်းပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မသုသုသာ သီဆိုယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်၏ ယှဉ်ပြိုင်တီးခတ်မှု။



ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး အကပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မဆုပိုပိုအောင်၏ ကပြယှဉ်ပြိုင်ဟန်။

# အနုသုခုမ မဟာဂီတ ရိုးရာအမွေမို့ ထိန်းသိမ်းကြ

သီဟစည်သူ

မြန်မာ့ယဉ်ကျေးမှုသမိုင်းကို လေ့လာကြည့်လျှင် မြန်မာ့ဂီတသည် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကျော်ခန့်မှစ၍ ဖြစ်ပေါ်ခဲ့သည်ဟု ယူဆနိုင်သည်။ ခရစ်နှစ် ၈၀၂ ခုခန့်က ရေးခဲ့သည့် တရုတ်လူမျိုးတို့၏ မှတ်တမ်းတစ်စောင်အရ မြန်မာ့တူရိယာနှင့် သီချင်းတို့သည် ထိုခေတ်တွင် ပြေပြစ်ကောင်းမွန်နေပြီ ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဂီတတွင် သံစဉ်ခုနစ်ပါးရှိပြီး သံစဉ်တစ်ပါးလျှင် ခုနစ်မျိုးခန့် ခွဲခြားနိုင်သဖြင့် အသံခွဲ ၄၉ မျိုးရှိသည်ကို အကြောင်းပြုကာ မဃဒေဝလင်္ကာသစ်၌ **“ပေါင်းရုံးညှိုးညံ၊ ခုနစ်သံတွင်၊ အသံခုနစ်မျိုး၊ လေးဆဲ့ကိုးတည့်”** ဟု ဖော်ပြထားသည်။ ရှေးဂီတပညာရှင်ကြီးများသည် သံစဉ်တို့၏ ပရိယာယ်ကို နောင်လာနောက်သားတို့ နားလည်သဘောပေါက်စေရန် သံစဉ်ခုနစ်မျိုးကို စုံအောင်လည်သော “ဘုန်းတော် တေဇာဝေဖြာမိုးလို့ ထွန်းရာဇိန်...” အစချီသည့် ခုနစ်သံလည်ကြိုးဟု တီထွင်စပ်ဆိုခဲ့ကြကြောင်း မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၀) တွင် ပြဆိုထားသည်။

မြန်မာ့တူရိယာ အမျိုးမျိုးရှိသည့်အနက် မြန်မာ့ဂီတတွင် အမြတ်တနိုးသုံးသောတူရိယာမှာ စောင်းကောက်ဖြစ်သည်။ ရှေးမြန်မာ့ရိုးရာ တူရိယာများအနက် စောင်းဖြင့်တီးသော စောင်းတီးကွက်သည် အထင်ရှားဆုံးနှင့် အခံ့ညားဆုံးဖြစ်သည်။ “ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်” တည်းဟူသော တူရိယာငါးပါးတို့ဖြင့် မြန်မာ့ရိုးရာဂီတကို ဖန်ဆင်းခဲ့ကြရာတွင် မည်သို့သော လျှပ်စစ်အကူကိရိယာ အကူအညီတစ်ခုမျှမပါဘဲ တီးမှုတ်နိုင်သည့်ထူးခြားသော မြန်မာ့အနုသုခုမတူရိယာများပင် ဖြစ်သည်။ ထို့အတူ မြန်မာ့ဆိုင်းသည် ရှေးခေတ်ကတည်းက ဇာတ်ပွဲကရာ၌ လည်းကောင်း၊ နတ်ပွဲကရာ၌ လည်းကောင်း၊ ပျော်မွှုရွှင်မှုဆိုင်ရာ အခြားပွဲများ၌ လည်းကောင်း မျိုးရိုးစဉ်ဆက် အသုံးပြုခဲ့ကြသည်။ မြန်မာတို့၏ ဓလေ့ဘာသာဂီတတွင် ဒိုးပတ်၊ အိုးစည်၊ ဗုံကြီး၊ ဖြော စသည်တို့လည်း ပါဝင်သည်။ ဗုံကြီးသံသည် ရှေးခေတ်က လယ်တော၌ မင်းမူသောဂီတသံများဖြစ်သည်။

မြန်မာ့ဂီတတွင် မဟာဂီတဟူသည် ရှေးသီချင်းကြီးများသည် ဒိုးပတ်၊ အိုးစည်၊ ဗုံကြီး၊ ဖြော စသည့်ဓလေ့ဘာသာဂီတထက် ပို၍ဆန်းကြယ်သည်။



(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အဆင့်မြင့်ပညာ (၁၅-၂၀)အဆင့် မဟာဂီတတေးသီချင်းအဆိုပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်တစ်ဦး သီဆိုယှဉ်ပြိုင်စဉ်။

မဟာဂီတတွင် ယေဘုယျအားဖြင့် ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား၊ မွန် ဟူ၍ ခြောက်မျိုး ခွဲထားလေ့ရှိသည်။ အချို့သီချင်းကြီးများသည် မယ်ဘွဲ့၊ မောင်ဘွဲ့၊ အလွမ်းဘွဲ့များ ဖြစ်သည်။ အချို့သည် တောဘွဲ့၊တောင်ဘွဲ့၊ ရာသီဘွဲ့ များဖြစ်သည်။ အချို့သည် ဘုန်းတော်ဘွဲ့၊ မင်းခမ်းမင်းနားဘွဲ့၊ မြို့ဘွဲ့၊ ကန်ဘွဲ့များ ဖြစ်ကြသည်။

### “နိုင်ငံတော်မှု” အဖြစ် သတ်မှတ်

ရှည်လျားလှသည့် သမိုင်းကြောင်းတစ်လျှောက် အခွန့်ရှည်တည်တံ့ခဲ့သည့် မိမိတို့၏ အနုသုခုမပညာရပ်များကို “မဟာ” ဟူသည့် ကြီးကျယ်မြင့်မြတ်သော ဂုဏ်ထူးဝိသေသနှင့် မဟာဂီတဟု ခေတ်အဆက်ဆက်တွင် တန်ဖိုးထားခဲ့ကြသည်။ ထိုသို့ တန်ဖိုးထားခဲ့ကြသည့် စာသားတေးသွားများကို ၁၉၅၃ ခုနှစ်တွင် ဝိဝါဒကွဲပြားမှုမရှိစေရန် “နိုင်ငံတော်မှု” အဖြစ် သတ်မှတ်နိုင်ရေးအတွက် ပညာရှင်ကြီးများပါဝင်သည့်အဖွဲ့ကို ဖွဲ့စည်းပြီး “စာသား၊ သံကျ၊ စည်းဝါး၊ အတော၊ အပိုဒ်ပြန်၊ အဆို” ဟု အပိုင်း ၆ ပိုင်း ခွဲခြားပြီး မဟာဂီတဝင်တေးသီချင်း ၁၆၉ ပုဒ်ကို နိုင်ငံတော်မှုအဖြစ် တိကျစွာသတ်မှတ်နိုင်ခဲ့ပြီး ဖြစ်သည်။

“အဆို” နှင့်ပတ်သက်၍ အသံ၏ပေါ်ထွန်းရာဖြစ်သည့် “လည်၊ လျှာ၊ နှာ၊ အာ၊ သွား” ဆိုသည့် “ဌာန်” ငါးပါးကို ပေါင်းစည်းကာ အသံတို၊ အသံရှည်များနှင့် ဖွဲ့သီထားသည့် မဟာဂီတဆိုဟန်၊ ခေတ်ဟောင်း တေးဆိုဟန်၊ ကာလပေါ်တေးသီချင်း ဆိုဟန်များဟုလည်း ကွဲကွဲပြားပြားရှိထားပြီးဖြစ်ကြောင်း သိရှိရသည်။

မြန်မာ့မဟာဂီတတွင် အထက်တန်းအကျဆုံး သီချင်းကြီးများမှာ မြဝတီမင်းကြီးဦးစ၏ (၁) ဘုံပျံနေနန်း၊ (၂) မှိုင်းပြာမှုန်ဝေ၊ (၃) ကုန်းဘောင်ပရမေ၊ (၄) အထူးထူးငယ်နှင့် ဟူသည့်ပတ်ပျိုးကြီး လေးပုဒ်ဖြစ်ပြီး မဟာဂီတကို စောင်းတူရိယာဖြင့် တောက်ပြောင်အောင် အကွက်ဖော် တင်ဆက်ခဲ့ကြသည်။

“စင်စစ်တော့ မြန်မာတို့ရဲ့ ဂီတကို အပန်းဖြေဖို့၊ သာယာနာပျော်ဖွယ်ရှိဖို့၊ နားထောင်ပြီး စိတ်ကို ပျော်ရွှင်စေဖို့၊ ကြည်နူးသွားဖို့ဆိုတဲ့ တိုတောင်းတဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းထားတာ မဟုတ်ဘူး။ ဂီတမှာ (၁) သာယာမှုကို အဓိကထားတဲ့ဂီတ၊ (၂) ယဉ်ကျေးမှုကို အဓိကထားတဲ့ ဂီတရယ်လို့ ခွဲတမ်းရှိတယ်။ ဒီခွဲတမ်းကို ဂီတပညာချစ်မြတ်နိုးသူတိုင်းက မျက်ခြည်မပြတ်သင့်ဘူး။ မဟာဂီတရဲ့ အဓိကရည်ရွယ်ချက်က သာယာမှုမဟုတ်ဘူး။ ယဉ်ကျေးမှုဖြစ်တယ်” ဟု စာရေးဆရာမကြီး လူထုဒေါ်အမာ၏ မြန်မာ့မဟာဂီတစာအုပ်တွင် ဖော်ပြထားသည်။

### မြန်မာ့ဂီတသမိုင်းတွင် ထင်ရှားသော မှတ်တိုင်တစ်ခု

“မြန်မာတို့၏ ဂီတသမိုင်းတွင် ထင်ရှားသော မှတ်တိုင်တစ်ခု ရှိခဲ့လေသည်။ ထိုမှတ်တိုင်သည် ခရစ်နှစ် ၁၇၆၇ ခုတွင် ယိုးဒယားကို အင်းဝဆင်ဖြူရှင် အောင်မြင်ခြင်းဖြစ်လေသည်။ ယိုးဒယားကို အောင်မြင်၍ နေပြည်တော်သို့ပြန်လာသောအခါ သုံ့ပန်းများတွင် ယိုးဒယားအတွင်းတော် သဘင်သည်တို့လည်း ပါလာကြသည်။ ထိုသဘင်ပညာသည်တို့ကြောင့် မြန်မာသဘင်ပညာသည် ရှေးကထက် ပို၍ကြွယ်ဝလာရလေသည်။ ရှေးဟောင်းမြန်မာသဘင်ပညာတွင် အကသစ်၊ အဆိုသစ်၊ အတီးသစ်တို့ တိုးတက်လာကြသည်။ ရာမ၊ အီနောင်၊ သဉ်ပတ္တစသော ဇာတ်သစ်များ တိုးလာကြသည်။ မြန်မာတို့သည် ယိုးဒယားတို့ကို လက်နက်လက်ရုံးဖြင့် အောင်မြင်သည် မှန်သော်လည်း ယိုးဒယားတို့သည် မြန်မာတို့ကို သဘင်ပညာဖြင့် အောင်မြင်လေသည်ဟု ဆိုနိုင်ပေသည်။” ဟူ၍ မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ ထို့ကြောင့်ပင် တောင်းတော့ငွေ၊ ပေးတော့ရွှေဆိုသလို မြန်မာ့အနုသုခုမ သဘင်တစ်ခေတ် ဆန်းသစ်ရန် အကြောင်းဖန်လာခဲ့သည်ဟုပင် ဆိုနိုင်သည်။

### ယိုးဒယားသံသီချင်းများ၏အစ

ဆင်ဖြူရှင် မင်းတရားလက်ထက် ထိုသို့တိုးတက်လာသော သဘင်ပညာနှင့်အတူ ယိုးဒယားသီချင်းကို မြဝတီမင်းကြီး ဦးစ၊ ပြင်စည်မင်းသားကြီး၊ လှိုင်ထိပ်ထား၊ အနောက်နန်းမတော် မမြကလေး၊ မင်းကြီးကတော် ခင်ဆုံတို့ကဲ့သို့သော မြန်မာပညာရှင်များက မြန်မာသံဂီတသံစဉ်များအဖြစ် ဖန်တီးကာ ဂီတအမွေပေးခဲ့ကြသည်။ ပြင်စည်မင်းသားက ယိုးဒယား ပုလဲပိုင်းတွင် ရွှေတညာ၊ နှင်းယွန်းခါ ဟေမန်၊ တောတောင်စွယ်၊ တောမြိုင်ခြေ၊ ပန်းမြိုင်လယ်၊ ခိုင်ပန်းစုံ၊ မှော်ရုံဟေဝန်၊ မှိုင်းမှုံပြာညို အစချီသော ယိုးဒယားသီချင်းပိုင်း ရှစ်ပုဒ်ကို အစပြုတီထွင်ခဲ့သဖြင့် “ရွှေနှင်းတောမြိုင်၊ ပန်းခိုင်မှော်မှိုင်း၊ ခြားပိုင်းရှစ်သံ၊ ဖရုံတင် (ညွန့်)၊ ခက်မွန့်ခမိန်၊ ထနောက် ချိန်သား၊ ဖရင်းချားထပ်တွန့်၊ ချွတ်ချုံ ငုငစ်၊ အသံရှစ်၊ မှတ်လစ်စဉ်ကမ္ဘာ” ဟု မှတ်သားရန် ကဗျာလင်္ကာစပ်ဆို မှတ်တမ်းတင်ထားကြရသည်။ ယင်းလင်္ကာကို အကျယ်ဖွင့်ပြရသော် —(နှင်း) – နှင်းယွန်းခါဟေမန် (ခက်မွန်)၊ (ရွှေ)– ရွှေတညာ (ဖရုံတင်)၊ (တော) တောတောင်စွယ် (ခမိန်)၊ (မြိုင်) – တောမြိုင်ခြေလမ်း (ထနောက်)၊ (ပန်း) – ပန်းမြိုင်လယ် (ဖရင်းချား)၊ (ခိုင်) – ခိုင်ပန်းစုံ (ထပ်တွန့်)၊ (မှော်) – မှော်ရုံဟေဝန် (ချွတ်ချုံ)၊ (မှိုင်း) – မှိုင်းမှုံပြာညို (ငုငစ်)ဟူ၍ ဖြစ်သည်။ **ပြင်စည်မင်းသားကြီးသည် ဤရှစ်ပုဒ်ဖြင့် ယိုးဒယားသံ မြန်မာသီချင်းများ၏ အုတ်မြစ်ကို ချခဲ့သည်ဟု ဆိုကြသည်။**

❖ **မြန်မာ့ဂီတတွင် မဟာဂီတဟူသည် ရှေးသီချင်းကြီးများသည် ဒိုးပတ်၊ အိုးစည်၊ ဗုံကြီး၊ ဖြော စသည့်ဓလေ့ဘာသာဂီတထက် ပို၍ဆန်းကြယ်သည်။ မဟာဂီတတွင် ယေဘုယျအားဖြင့် ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား၊ မွန် ဟူ၍ ခြောက်မျိုး ခွဲထားလေ့ရှိသည်။ အချို့သီချင်းကြီးများသည် မယ်ဘွဲ့၊ မောင်ဘွဲ့၊ အလွမ်းဘွဲ့များဖြစ်သည်။ အချို့သည် တောဘွဲ့ တောင်ဘွဲ့၊ ရာသီဘွဲ့များ ဖြစ်သည်။ အချို့သည် ဘုန်းတော်ဘွဲ့၊ မင်းခမ်းမင်းနားဘွဲ့၊ မြို့ဘွဲ့၊ ကန်ဘွဲ့များဖြစ်**

ယိုးဒယားသံပိုင်းတွင် ယင်းရှစ်ပုဒ်သည် အဓိကတေးများပင်ဖြစ်၍ ပြင်စည်မင်းသား၏ထူးခြားသောအနုပညာဉာဏ်မည်မျှနက်နဲသိမ်မွေ့ကြောင်း အလိုအလျောက်ဖော်ပြထားပြီး ဖြစ်ပေသည်။ သို့ရာတွင် ထိုသီချင်း ရှစ်ပုဒ်တွင် – (၁) (လွမ်း) – လွမ်းပိုအောင် (ချူခြား)၊ (၂) (ဆန်း) – ဆန်းနွေဦး (ကပီ)၊ (၃) (စိန်) – စိန်ခြယ်ညီးလင်း (အလေ့မေ့)၊ (၄) (ဝေ) – ဝေဇယန္တာ (မဟိုရ်သီ) တို့ကို ဖြည့်စွက်၍ ယိုးဒယား ၁၂ ခန်းဟု မှတ်သားထားကြသည်လည်း ရှိသည်။ ယင်းနောက် တလိုင်းခေါ် မွန်သံပိုင်းတွင်လည်း တောင်ယံတောကလေး၊ တောင်ယံတောကြီး၊ နှင်းယွန်းဂိမှာန်၊ ကောင်းကြီးသဉ်၊ ညှင်းညှင်း၊ စိန်မြရုံခြယ်၊ သောင်းကျေးဒီပါဘွေ တေးပေါင်း ခုနစ်ပုဒ် စပ်ဆိုခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့သော ရှေးမြန်မာ့ဂီတပညာများသည် အိန္ဒိယပြည်သားတို့၏ ရှေးဟောင်း ဂူဂျာရတ် ပန်းချီလက်ရာများကဲ့သို့ လည်းကောင်း၊ ကမ္ဘောဒီးယားခမာလူမျိုးတို့၏ ရှေးဟောင်းအန်ကောဝပ်ဗိသုကာလက်ရာများ ကဲ့သို့လည်းကောင်း၊ တရုတ်လူမျိုးများ၏ ရှေးဟောင်း ကြွေထည်လက်ရာများ ကဲ့သို့လည်းကောင်း ထိန်းသိမ်းအပ်သော အနုပညာပင်ဖြစ်သည်။ ထို့ကြောင့် ခေတ်ပေါ်တေးဂီတသံစဉ်များကို နှစ်သက်မြတ်နိုးကြသကဲ့သို့ အရိုးမှန် အမျိုးမှန်ဖြစ်သော မိမိတို့၏မြန်မာ့ဂီတအနုသုခုမ ရှေးဟောင်းအနုပညာများကို ယခု (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှသည် နောင်မျိုးဆက်များစွာတိုင်အောင် ပြန်လည်ပြန့်ပွား လက်ဆင့်ကမ်း ထိန်းသိမ်းသမှု ပြုကြရမည် ဖြစ်ပါကြောင်း။ ။

**ကိုးကား –**
**(၁) မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၁၀)။**
**(၂) မြန်မာ့မဟာဂီတ၊ လူထုဒေါ်အမာ။**
**(၃) ၁၉-၁၀-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ။**

**“ မြန်မာ့တူရိယာအမျိုးမျိုးရှိသည့်အနက် မြန်မာ့ဂီတတွင် အမြတ်တနိုးသုံးသော တူရိယာမှာ စောင်းကောက်ဖြစ်သည်။ ရှေးမြန်မာ့ရိုးရာတူရိယာများအနက် စောင်းဖြင့်တီးသော စောင်းတီးကွက်သည် အထင်ရှားဆုံးနှင့် အခံ့ညားဆုံးဖြစ်သည်။ “ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်”တည်းဟူသော တူရိယာငါးပါးတို့ဖြင့် မြန်မာ့ရိုးရာဂီတကို ဖန်ဆင်းခဲ့ကြရာတွင် မည်သို့သောလျှပ်စစ်အကူကိရိယာ အကူအညီတစ်ခုမျှမပါဘဲ တီးမှုတ်နိုင်သည့် ထူးခြားသော မြန်မာ့အနုသုခုမတူရိယာများပင်ဖြစ် ”**

# သရေခေတ္တရာပျူမြို့ဟောင်းအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပြည် အောက်တိုဘာ ၂၄

သရေခေတ္တရာ ပျူမြို့ဟောင်းအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။ **(ဃာပုံ)**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့ သရေခေတ္တရာ ပျူမြို့ဟောင်းဇုန်အတွင်းရှိ ရဟန္တာကန်တော်မင်္ဂလာအနီးသို့ ရောက်ရှိခဲ့ပြီး ခေတ်မီ Public Toilet နှင့် Coffee Shop ဆောက်လုပ်မည့် မြေနေရာကို ကွင်းဆင်းကြည့်ရှုကာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မထိခိုက်စေရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် ဘောဘောကြီးဘုရားအနီး ခေတ်မီ Public Toilet တည်ဆောက်မည့်နေရာကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှုဇုန်များတွင် ဆောက်လုပ်သည့် သတ်မှတ်ဒီဇိုင်းများအတိုင်း ဆောင်ရွက်ရန်၊ ဆောက်လုပ်သည့် Toilet များတွင် မသန်စွမ်းခရီးသွားများ၊ သက်ကြီးရွယ်အိုများ အသုံးပြုနိုင်သည့်ပုံစံများဖြင့် ဆောင်ရွက်ရန်၊ တည်ဆောက်မည့် ကုန်ကျစရိတ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းကော်မတီ အဆင့်ဆင့်က စိစစ်သွားရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သရေခေတ္တရာ ပျူမြို့ဟောင်းပြတိုက်သို့ ရောက်ရှိပြီး သရေခေတ္တရာပျူမြို့ဟောင်း Website ရေးဆွဲထားရှိမှုအခြေအနေများကို ကြည့်ရှုကာ ရှေးဟောင်းနေရာများအလိုက် သမိုင်းကြောင်းများ၊ မှတ်တမ်းဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ထည့်သွင်းသွားရန်၊ သတ်မှတ်နေရာများတွင် QR Coad များ စိုက်ထူသွားရန်၊ ထိုင်းနိုင်ငံရှိ ခရီးသွား Website တစ်ခုဖြစ်သည့် Museum Pool နှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် ပြတိုက်အနီး အမှတ်တရလက်ဆောင် ပစ္စည်းဆိုင်များ တည်ဆောက်နိုင်ရေးတင်ပြပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည် - ပေါက်ခေါင်းလမ်းဆုံမှ သရေခေတ္တရာ ပျူမြို့ဟောင်းထိပ်အထိ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၇၀၀ ဖြင့် လေးလမ်းသွား လမ်းချဲ့ခြင်းနှင့် Box Culvert ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းဘေးပလက်ဖောင်းအောက်၌ ရေမြောင်းများ ထည့်သွင်းတည်ဆောက်ရန်၊ အနေးယာဉ်များ သွားလာနိုင်ရေး လမ်းကြောင်း သတ်မှတ်ပေးရန်၊ လမ်းညွှန်အမှတ်အသားများ ပြည့်စုံစွာထည့်သွင်းဆောင်ရွက်ရန်နှင့် လမ်းဆုံနေရာတွင် မီးပွိုင့်တပ်ဆင်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့ နဝဒေးစက်မှုဇုန်အတွင်းရှိ ဦးဇော်ထွန်း၏ သစ်အချောထည်စက်ရုံနှင့် သစ်ရိပ်သာဒိန်ချဉ် လုပ်ငန်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ပသွင်းကုန် လျှော့ချနိုင်ရေး၊ ပြည်တွင်းထုတ်ကုန် တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်ရရှိနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြု နည်းပညာဆိုင်ရာ သုတေသနများ ကြိုးပမ်းဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၂၄

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့ မွန်းလွဲပိုင်းက နည်းပညာတက္ကသိုလ် (မန္တလေး)၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ မန္တလေးမြို့ရှိနည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ဒုတိယ ပါမောက္ခချုပ်များ၊ အစိုးရ နည်းပညာကောလိပ်နှင့် အစိုးရ စက်မှုလက်မှုသိပ္ပံများမှ ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ MSME လုပ်ငန်းရှင်များနှင့် ပြည်သူများကို Hybrid စနစ်ဖြင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အမျိုးသားရေး လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် လက်တွေ့ကျစွာ အထောက်အကူပြုနိုင်ရေး အားလုံးတက်ညီလက်ညီဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ ဌာနများ၊ တက္ကသိုလ်/ ကျောင်းများရှိ သင်တန်းများနှင့် သုတေသန လုပ်ငန်းများသည် နိုင်ငံ့ရေရှည်အကျိုး ဖော်ဆောင်နိုင်ရေး၊ ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုပံ့ပိုးပေးနိုင်ရေး၊ ခေတ်မီနည်းပညာများကို အသုံးချ၍ စက်မှုကုန်ထုတ်လုပ်ငန်းများအား အရည်အသွေး စံနှုန်းများနှင့်အညီ ပြည်ပဈေးကွက်တွင် ထိုးဖောက်နေရာယူနိုင်သည်အထိ ထုတ်လုပ်နိုင်ရေး၊ လုပ်ငန်းခွင်များ၌ တွေ့ကြုံနေရသည့် စိန်ခေါ်မှု ပြဿနာများကို ကျော်လွှားဖြေရှင်းပေးနိုင်ရေးတို့ကို ဦးတည် ဆောင်ရွက်ရန်၊ သုတေသနရလဒ်များနှင့် ဆန်းသစ်နည်းပညာများကို သက်ဆိုင်ရာဌာနများနှင့် ပြည်သူများ၏ လက်ဝယ်အရောက် ဖြန့်ဝေဆောင်ရွက်ပေးရန်၊ ဌာနများအပြင် MSME လုပ်ငန်းရှင်များနှင့်ပါ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဇီဝနည်းပညာသုတေသန ဦးစီးဌာနနှင့် လေ့လာဆန်းစစ် အကဲဖြတ်ရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်/ ကောလိပ်/ ကျောင်းများမှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများက လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်မှုများ၊ စီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်မှုနှင့် တိုးတက်မှု၊ နည်းပညာ လွှဲပြောင်းပေးခဲ့မှုနှင့် လွှဲပြောင်းရန် ဆက်လက်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒေသခံ MSME လုပ်ငန်းရှင်များက သိရှိလိုသည့် အချက်များကို မေးမြန်းကြပြီး နည်းပညာ လိုအပ်ချက်များကို တင်ပြရာ တာဝန်ရှိသူများက ဖြေကြားရှင်းလင်းကြကာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ပြောကြား၍ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

○ *ကျောဖုံးမှ*

ယှဉ်ပြိုင်ကစားပြီးသည့် ကိုးပွဲတွင် ခုနစ်ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားကာ ရှုံးပွဲမရှိသေးဘဲ နှစ်ပွဲသာ သရေကျထားသည်။ ထို့အပြင် အမှတ်ပေးဇယားကိုလည်း ဒုတိယနေရာမှ မန်စီးတီးအသင်းထက် နှစ်မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

စပါးအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၆ မိနစ်နှင့် ၅၄ မိနစ်တွင် ဆွန်ဟောင်မင်နှင့် မက်ဒီဆင်တို့က သွင်းယူပေးနိုင်ခဲ့သည်။ လာမည့်ပွဲစဉ်တွင် စပါးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဖူလ်ဟမ်အသင်းက ကစားရခက်ခဲသည့် ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **အောင်ဇော်**

❖ *ကျောဖုံးမှ*

ရေမိုင် ၁၇၅ မိုင်ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၈၀ ခန့်နှင့် စစ်တကောင်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၁၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း"၏ လက်ရှိ အခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သော်လည်း မြန်မာနိုင်ငံ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့သည် အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း" ၏ အဝန်းအဝိုင်းအတွင်းသို့ ကျရောက်နေပါသဖြင့် အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း" ၏ သက်ရောက်မှုကို ခံစားရနိုင်ပါသည်။

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း" သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၂၀ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၀ ဒသမ ၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၈၅ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၇၅ မိုင်မှ မိုင် ၈၀ နှုန်းခန့် ဖြစ်သည်။

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း" သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက်သုံးနာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း" အဖြစ်သို့ အားလျော့သွားနိုင်ကာ နောက် ၁၂ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို စစ်တကောင်းမြို့ တောင်ဘက်အနီးမှ ဆိုင်ကလုန်းမုန်တိုင်းအဆင့်ဖြင့် ဖြတ်ကျော်နိုင်ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း" ၏ အရှိန်ကြောင့် ယနေ့ညမှ ၂၆-၁၀-၂၀၂၃ ရက်နေ့အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် နေပြည်တော်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဟာမွန်း" ၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို လည်းကောင်း၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေးနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# တစ်နှစ်လျှင် အတိုးနှုန်း ၅ ရာခိုင်နှုန်းအထိသာရယူသော ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများကို စည်းမျဉ်းစည်းကမ်းများချမှတ်၍ ထုတ်ချေးပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၏ (၄/၂၀၂၃-၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် အတိုးနှုန်းသက်သာမှုရှိသော ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ချေးပေးလျက်ရှိရာ ၂၀၂၃ ခုနှစ် ဇူလိုင်လမှ အောက်တိုဘာလအထိ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် (၇)ခုမှ လုပ်ငန်းရှင် ၂၁ ဦးသို့ ချေးငွေကျပ် ၁၇၇၃ သန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ ဒုတိယအကြိမ် အဆိုပြုလွှာများကို ၂၀၂၃ ခုနှစ် စက်တင်ဘာ၂၄ ရက်တွင် နိုင်ငံပိုင်သတင်းစာများမှ ထပ်မံခေါ်ယူထားပါကြောင်း၊ ချေးငွေစံသတ်မှတ်ချက်များနှင့်ကိုက်ညီသော လုပ်ငန်းရှင်များသို့ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေကို ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

### ဝိုင်းဝန်းအကြံပြုဆွေးနွေး

ဆက်လက်၍ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ချေးငွေထုတ်ချေးပြီး အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စများကို လည်းကောင်း၊ အထောက်အကူပြုအဖွဲ့ ခေါင်းဆောင်များက သက်ဆိုင်ရာအဖွဲ့အလိုက် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ Project Management Unit ၏ စီမံကိန်းဒါရိုက်တာက ချေးငွေအမှုတွဲများ စိစစ်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ လုပ်ငန်းအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI)၊ မြန်မာနိုင်ငံဘဏ်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ချေးငွေလျှောက်ထားနိုင်


နိုင်ငံတော်မှချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှစားသုံးဆီဝယ်ယူတင်သွင်းရမှုကို လျှော့ချနိုင်ရေးတို့အတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိသည့်နည်းတူ ပြည်တွင်းဆီစက်ကြီးငယ်များကိုလည်း လုပ်ငန်းလည်ပတ်ရန်နှင့် လုပ်ငန်းတိုးချဲ့ရန်အတွက် နိုင်ငံတော်က မတည်ပေးသည့် ရန်ပုံငွေဖြင့် တစ်နှစ်လျှင် အတိုးနှုန်း ၅ ရာခိုင်နှုန်းအထိသာရယူသော ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေများကို စည်းမျဉ်းစည်းကမ်းများချမှတ်၍ ထုတ်ချေးပေးလျက်ရှိရာ ဆီစက်လုပ်ငန်းရှင်များအနေဖြင့် အဆိုပါလုပ်ငန်းအဖွဲ့သို့ ဆက်သွယ်၍ ချေးငွေလျှောက်ထားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အဖွဲ့ အာဆီယံ - တရုတ် မီဒီယာဖိုရမ်သို့တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ကွမ်ရှီး ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနသို့ လည်းကောင်း၊ ကွမ်ရှီးရေဒီယိုနှင့် ရုပ်မြင်သံကြားဆိုင်ရာ သတင်းအချက်အလက် ပူးပေါင်းဆောင်ရွက်မှုဌာနသို့ လည်းကောင်း သွားရောက်လေ့လာကြသည်။ **(အောက်ဝဲပုံ)**



ကွမ်ရှီး ရေဒီယိုနှင့်ရုပ်မြင်သံကြားဌာနသည် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် သတင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များ၊ ဇာတ်လမ်းတွဲများ ပူးပေါင်းဆောင်ရွက်ရေးအတွက် လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပြီး ဒုတိယဝန်ကြီးသည် ကွမ်ရှီး ရေဒီယိုနှင့်ရုပ်မြင်သံကြားဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့နှင့် တွေ့ဆုံရာတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး၊ အပြန်အလှန်ခရီးစဉ်များ စေလွှတ်၍ လေ့လာရေးနှင့် အစီအစဉ်များ တိုးချဲ့ရိုက်ကူးထုတ်လွှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

MRTV အနေဖြင့် GXRTV နှင့် မီဒီယာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တရုတ်ရုပ်သံဇာတ်လမ်းတွဲများ MRTV တွင်ပြသရေး သဘောတူစာချုပ်ကို ၂၀၁၇ ခုနှစ် မေ ၁၄ ရက်က ချုပ်ဆို၍ တရုတ် ရုပ်သံဇာတ်လမ်းတွဲများကိုမြန်မာအသံထပ်စနစ်ဖြင့်အပတ်စဉ်ပြသလျက်ရှိပြီး ယနေ့အချိန်အထိ ရုပ်သံဇာတ်လမ်းတွဲ ၁၈ ကားနှင့် ကာတွန်းဇာတ်လမ်းတွဲ ၇ ခု ပြသပြီးဖြစ်သည်။ လက်ရှိအချိန်တွင် လေနှင်ရာခရီး အမည်ရှိ ဇာတ်လမ်းတွဲနှင့် ဖြူစင်စိတ်လု အမည်ရှိကာတွန်းကားပြသလျက်ရှိသည်။ တရုတ် ရုပ်သံဇာတ်လမ်းတွဲများကို မြန်မာအသံထပ်လုပ်ငန်းဆောင်ရွက်ရာတွင် ကွမ်ရှီးဘက်မှ နည်းပညာဆိုင်ရာ ဝန်ထမ်းများနှင့် MRTV အသံသရုပ်ဆောင် ဝန်ထမ်းများသည် နှစ်နိုင်ငံတစ်လှည့်စီ အပြန်အလှန်သွားရောက် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကွမ်ကျိုးမြို့မှတစ်ဆင့် လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာလာခဲ့ပြီး ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ ဌာနမှူး Ms. Feng Liping နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၂၈)ရှိ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက ပြည်သူများ အသိဉာဏ်ပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာနှင့် ရပ်ကွက်များတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတည်ထောင်၍ စာပေများဖတ်ရှုနိုင်ရန် စာအုပ်စာစောင်များ ဖြန့်ဝေပေးပို့လျက်ရှိပါကြောင်း၊ ဖောင်ဒေးရှင်းအနေဖြင့် စာအုပ်များ ဝယ်ယူထောက်ပံ့ပေးသကဲ့သို့ အလှူရှင်များ လှူဒါန်းသည့်စာအုပ်များကိုလည်း ပေးပို့လှူဒါန်းပေးပါကြောင်း၊ အလှူရှင်များ တိုးပွားလာသည်နှင့်အမျှ စာအုပ်များကို များများလှူနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စာအုပ်အလှူရှင်များ တိုးပွားရေးအတွက် စည်းရုံးပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗိုလ်မှူးကြီး စန်းလွင်(ငြိမ်း) သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)က အလှူငွေကျပ် တစ်သိန်းနှင့် တန်ဖိုး ၁၀၆၈၀၀၀ ခန့်ရှိ စာအုပ် ၃၆၀ ကို ပေးအပ်လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးပြုလုပ်ရာ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

**တွံတေး အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်အလုပ်ဌာန ၁၁၄၁ ဌာနနှင့် အာမခံအလုပ်သမား ၃၇၁၀၄ ဦးတို့အား အကျုံးဝင်မှတ်ပုံတင်ထားရှိပြီး လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သာကေတမြို့နယ်မှ အကျုံးဝင်မှတ်ပုံတင်ထားသည့် တက်လမ်းကွန်ကရစ်ကုမ္ပဏီအလုပ်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အာမခံအလုပ်သမား ဦးဖိုးလပြည့်၏ အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ထုတ်ပေးခြင်း အခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီးရုံး၌ ပြုလုပ်ရာ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးသိန်းနွဲ့ဦး၊ တွံတေးမြို့နယ် လူမှုဖူလုံရေးရုံး ရုံးခွဲတာဝန်ခံနှင့် အလုပ်ဌာနမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာညှိနှိုင်းရေးကော်မတီ(WCC)အဖွဲ့ဝင်များ တက်ရောက်ကြသည်။





အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး တာဝန်ခံအရာရှိက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး တက်လမ်းကွန်ကရစ်ကုမ္ပဏီမှ အာမခံအလုပ်သမား ဦးဖိုးလပြည့်၏ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်အိသဉ္ဇာပိုးထံ ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ဂါဇာကမ်းမြောင်ဒေသအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းများရောက်ရှိ

ကိုင်ရို အောက်တိုဘာ ၂၄

**စစ်ဒဏ်ခံဂါဇာကမ်းမြောင်ဒေသအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပစ္စည်းများ တင်ဆောင်ထားသော လေယာဉ်များသည် အောက်တိုဘာ ၂၃ ရက်က အီဂျစ်နိုင်ငံ အယ်လ်အာရစ်လေဆိပ်သို့ ရောက်ရှိခဲ့သည်။**



ဂါဇာကမ်းမြောင်ဒေသအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများတင်ဆောင်လာသော အယ်လ်ဂျီးရီးယား၊ ကူဝိတ်၊ အီရတ်၊ တူကီယဲနှင့် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) တို့မှ လေယာဉ်များသည် ရာဖာနယ်စပ်ဖြတ်ကျော်နေရာမှ ကီလိုမီတာ ၄၀ ကျော် ကွာဝေးသော အဆိုပါလေဆိပ်သို့ရောက်ရှိခဲ့ကြောင်း အီဂျစ်ကြက်ခြေနီအသင်းက ၎င်း၏ တရားဝင် ဖေ့ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြခဲ့သည်။

ထို့ပြင် ဂါဇာကမ်းမြောင်ဒေသအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများ တင်ဆောင်လာသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ လေယာဉ်နှစ်စင်းလည်း အယ်လ်အာရစ်လေဆိပ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း နိုင်ငံပိုင် အာရမ်ဂိတ်သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။ တူကီယဲကျန်းမာရေးဝန်ကြီး ဖာရက်တင်ကိုကာကလည်း တူကီယဲသည် ကုန်တင်လေယာဉ် နှစ်စင်းကို အီဂျစ်သို့ ပို့ဆောင်ခဲ့ကြောင်း အောက်တိုဘာ ၂၃ ရက်က ပြောကြားခဲ့သည်။ ထို့အတူ နောက်ထပ်ကူညီထောက်ပံ့ရေးပစ္စည်းများ ထပ်မံတင်ဆောင်ထားသည့် လေယာဉ်နှစ်စင်းကိုလည်း ထပ်မံစေလွှတ်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

အဆိုပါလေယာဉ်တွင် ဆရာဝန် ၂၀ ပါဝင်သည့် ဆေးဘက်ဆိုင်ရာအသင်းတစ်သင်းလည်း လိုက်ပါလာမည်ဖြစ်ကြောင်း ၎င်းက လူမှုမီဒီယာပလက်ဖောင်းတစ်ခုဖြစ်သော အိတ်စ်တွင် ဖော်ပြခဲ့သည်။ ယင်းနေ့ အစောပိုင်းကလည်း အီဂျစ်ကြက်ခြေနီအသင်းကနောက်ထပ်အကူအညီပေးရေးယာဉ်တန်းကို ပါလက်စတိုင်းကြက်ခြေနီအသင်းသို့ စေလွှတ်ခဲ့ကြောင်း ပြောခဲ့သည်။

ပါလက်စတိုင်း ကြက်ခြေနီအသင်းကလည်း ၎င်းတို့သည် လူသားချင်းဆိုင်ရာကူညီထောက်ပံ့ရေးပစ္စည်းများတင်ဆောင်လာသော ကုန်တင်ကား ၂၀ ပါ တတိယယာဉ်တန်းကို လက်ခံခဲ့ကြောင်း ကြေညာခဲ့သည်။ ယင်းနေ့ အစောပိုင်းကလည်း မြောက်ပိုင်း ဆိုင်နိုင်းအစိုးရအဖွဲ့က အကူအညီပေးရေး လေယာဉ် ၂၇ စင်း မြောက်ပိုင်းဆိုင်နိုင်း အယ်လ်အာရစ်လေဆိပ်သို့ ရောက်ရှိခဲ့ကြောင်း ကြေညာခဲ့သည်။ ဂျော်ဒန်၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ရုရှား၊ တူကီယဲ၊ ဘရာဇီးနှင့် ကုလသမဂ္ဂအေဂျင်စီအဖွဲ့များမှ လူသားချင်းဆိုင်ရာ အကူအညီပေးရေးပစ္စည်းများတင်ဆောင်ထားသော လေယာဉ်များသည် အောက်တိုဘာ ၁၂ ရက်ကတည်းက အကူအညီပစ္စည်းများ ပေးပို့နေခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၇ ရက်တွင် ဟားမားစ်နှင့် အစ္စရေးတို့ တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန်တိုက်ခိုက်ချိန်မှစကာ ယခုအချိန်အထိ နှစ်ဖက်စလုံး သေဆုံးသူ ၆၀၀၀ ကျော်ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# ဟားမားစ်စစ်သွေးကြွများ နောက်ထပ် ဓားစာခံနှစ်ဦးကို လွှတ်ပေး

ဂျေရုဆလင် အောက်တိုဘာ ၂၄

ဟားမားစ် စစ်သွေးကြွများသည် အောက်တိုဘာ ၂၃ ရက်က နောက်ထပ် ဓားစာခံ နှစ်ဦးကို လွှတ်ပေးလိုက်သည်။ အစ္စရေး အမျိုးသမီး နှစ်ဦးကို လွှတ်ပေးခဲ့ကြောင်း ၎င်းတို့က လူမှုမီဒီယာပေါ်တွင် ထုတ်ပြန်ဖော်ပြခဲ့သည်။ အီဂျစ်နှင့် ကာတာမှ အစိုးရအရာရှိများသည် ဓားစာခံများ လွှတ်ပေးရန် ညှိနှိုင်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ အရာရှိများက ဓားစာခံများကို ဂါဇာမှ ကယ်ထုတ်ရန် ကူညီခဲ့သည်။




စစ်သွေးကြွများသည် နောက်ထပ် ဓားစာခံ ၂၀၀ ကျော်ကို ဖမ်းဆီးခဲ့သည်။ လွန်ခဲ့သော သောကြာနေ့က နောက်ထပ်အမေရိကန်အမျိုးသမီး ဓားစာခံနှစ်ဦးကို လွှတ်ပေးခဲ့သည်။ သံတမန်များက လူသားချင်း စာနာထောက်ထားမှုအဖြစ် နောက်ထပ်ဓားစာခံများကို ပိုလွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။

နောက်ထပ် အကူအညီပေးရေးယာဉ် ၅၀ ကျော်သည် စားနပ်ရိက္ခာ၊ ရေနှင့် ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေး ပစ္စည်းများ တင်ဆောင်လျက် အီဂျစ်နယ်စပ်ကို ဖြတ်ကျော်ပြီး ဂါဇာသို့ စနေနေ့မှ တနင်္လာနေ့အထိ ဝင်ရောက်လာခဲ့သည်။ သို့သော်လည်း ကုလသမဂ္ဂအရာရှိများက ဒေသခံများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တစ်နေ့လျှင် ကုန်တင်ယာဉ် ၁၀၀ ခန့်လိုကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံ၏ ကော်ဖီတန်ချိန် ၁ ဒသမ ၇ သန်းတင်ပို့ရန် မျှော်မှန်း



ဟနွိုင်း အောက်တိုဘာ ၂၄

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ ကော်ဖီတန်ချိန် ၁ ဒသမ ၇ သန်းကို တင်ပို့ရန် မျှော်မှန်းထားကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ကိုးကားပြီး ဗီယက်နမ်သတင်းက အောက်တိုဘာ ၂၃ ရက်တွင် ထုတ်ပြန်ထားသည်။

ဗီယက်နမ်နိုင်ငံ၌ ကော်ဖီတင်ပို့မှုမှ ၄ ဒသမ ၂ ဘီလီယံ ဒေါ်လာသည် ၂၀၃၀ ပြည့်နှစ်တွင် ပို့ကုန်ရည်မှန်းထားသည့် ၆ ဘီလီယံဒေါ်လာအတွက် အခြေခံအုတ်မြစ်တစ်ခုကို ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ပထမကိုးလအတွင်း ဗီယက်နမ်နိုင်ငံသည် ၃ ဒသမ ၁၆ ဘီလီယံဒေါ်လာတန်ဖိုးရှိ ကော်ဖီ တန်ချိန် ၁ ဒသမ ၂၆ သန်းကို တင်ပို့နိုင်ခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။ **ဆင်ဟွာ**

# ဗီယက်နမ်တွင် နိုင်ငံခြားသား လေးဦး သေဆုံး

ဟနွိုင်း အောက်တိုဘာ ၂၄

ဗီယက်နမ်အလယ်ပိုင်း ကုန်းမြင့်ပြည်နယ်တစ်ခုဖြစ်သော လမ်ဒွန်၌ အောက်တိုဘာ ၂၄ ရက်က နိုင်ငံခြားခရီးသည် လေးဦး သေဆုံးခဲ့သည်။ နိုင်ငံခြားသားများ ကမ္ဘာလှည့်ခရီးသွားရွာတစ်ရွာကို ဂျစ်ကားဖြင့် သွားစဉ် ရေစီးနှင့် မျောပါပြီးသေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက သတင်းဖော်ပြခဲ့သည်။

သေဆုံးခဲ့သည့် နိုင်ငံခြားသား လေးဦးနှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းဖော်ပြခြင်းမရှိသေးချေ။ နိုင်ငံခြားသားခရီးသွားများသည် ဂျစ်ကားငှားရမ်းဝန်ဆောင်မှုဖြင့် လက်ဒေါင်ပြည်နယ် နိုင်ငံခြားခရီးသွားဒေသဖြစ်သော ကူလမ်ရွာသို့ သွားရောက်လေ့လာစဉ် အဆိုပါဖြစ်စဉ်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ သွားချင်သောနေရာ ရောက်ခါနီးတွင် ရုတ်တရက်ရေကြီးမှုဖြစ်ပွားခဲ့ပြီး ဂျစ်ကားရေထဲမျောပါသွားခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# ရာသီဥတုဆိုးရွားနေချိန်တွင် ရောဂါများ ကူးစက်ပျံ့နှံ့မှုကို သတိပြုရန် သီရိလင်္ကာကျန်းမာရေးအာဏာပိုင်များ တိုက်တွန်း

ကိုလံဘို အောက်တိုဘာ ၂၄

သီရိလင်္ကာနိုင်ငံ၏ ကျန်းမာရေးအာဏာပိုင်များသည် မျက်စိရောဂါ၊ ဝမ်းလျှောခြင်းနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ကူးစက်ပျံ့နှံ့မှုကို သတိပြုရန် အောက်တိုဘာ ၂၃ ရက်က ပြည်သူများအား တိုက်တွန်းထားသည်။

အဆိုပါ ရောဂါသုံးမျိုးသည် ရာသီဥတုအခြေအနေ ဆိုးရွားခြင်းကြောင့် ကူးစက်ပျံ့နှံ့နေခြင်းဖြစ်ကြောင်း ကျန်းမာရေးမြှင့်တင်မှုဗျူရို၏ ဒါရိုက်တာက မီဒီယာသို့ ပြောကြားသည်။ တစ်ကိုယ်ရေသန့်ရှင်းမှုကို မြှင့်တင်ခြင်းဖြင့် အဆိုပါရောဂါများပျံ့နှံ့မှုကို လျှော့ချနိုင်ကြောင်း ပြည်သူ့ကျန်းမာရေးစစ်ဆေးရေးမှူးများသမဂ္ဂမှ အကြီးအကဲဖြစ်သူ Upul ရိုဟာနာက ပြောကြားသည်။ မကြာသေးမီက ရေကြီးသည့် ဒေသများတွင်လည်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မြင့်တက်လာကြောင်း ၎င်းက ပြောကြားသည်။

ဆင်ဟွာ

# အိန္ဒိယပွဲတော်တစ်ခုတွင် လူအုပ်ပြိုကျမှုကြောင့် သုံးဦး သေဆုံး

ဘီဟာ အောက်တိုဘာ ၂၄

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းပြည်နယ် ဘီဟာရှိ ရိုးရာပွဲတော်တစ်ခု၌ အောက်တိုဘာ ၂၃ ရက် ညနေပိုင်းက လူအုပ်ပြိုမှုဖြစ်ပွားခဲ့ရာ ကလေးငယ်တစ်ဦးအပါအဝင် အနည်းဆုံး သုံးဦး သေဆုံးခဲ့ပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း ရဲတပ်ဖွဲ့က ပြောသည်။

အဆိုပါမတော်တဆမှုသည် ဘီဟာပြည်နယ် ဂိုပယ်ဂန်ဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါနေရာတွင် လူရာပေါင်းများစွာ ဒူရ်ဂါပူဇော်ပွဲတော်၌ ဝတ်ပြုဆုတောင်းစဉ် ထိုသို့လူအုပ်ပြိုမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများကို ဒေသဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ သေဆုံးသူသုံးဦးမှာ မည်သူမည်ဝါဖြစ်မှန်း မသိရသေးချေ။

အောက်တိုဘာ ၂၃ ရက်သည် ငါးရက်ကြာပွဲတော်၏ လေးရက်မြောက်နေ့ဖြစ်သည်။ အဆိုပါပွဲတော်သည် အိန္ဒိယနိုင်ငံတွင် ဟိန္ဒူဘာသာဝင်များ၏ ထင်ရှားသော ပွဲတော်တစ်ခုဖြစ်သည်။ အဆိုပါပွဲတော်ကို နှစ်စဉ်နှစ်တိုင်း နိုင်ငံတစ်ဝန်း လူပေါင်းများစွာ ကျင်းပလေ့ရှိသည်။

ဆင်ဟွာ

# လှိုင်ကော်မြို့၌ သူနာပြု- သားဖွားဒီပလိုမာ(၃)နှစ် သင်တန်းသား သင်တန်းသူများအား အောင်လက်မှတ်အပ်နှင်းခြင်း အခမ်းအနားကျင်းပ

**လှိုင်ကော် အောက်တိုဘာ ၂၄**

သူနာပြုနှင့် သားဖွားသင်တန်းကျောင်း သတ္တမအကြိမ်မြောက် အပတ်စဉ်(၂၇) သူနာပြု- သားဖွားဒီပလိုမာ(၃)နှစ် သင်တန်းသား သင်တန်းသူများအား အောင်လက်မှတ်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် မိဘများ တက်ရောက်သည်။

ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေး တိုးတက်မြင့်မားလာစေရန်အတွက် ကျောင်းကျန်းမာရေးလုပ်ငန်း အဆင့်မြှင့်တင်ရေး၊ ပြည်သူ့ကျန်းမာရေး အသိပညာမြှင့်တင်ရေးနှင့် သူနာပြုနှင့် သားဖွားကဏ္ဍတိုးတက်ရေး စသည့်လုပ်ငန်းကြီး (၃)ရပ်ကို အဓိကထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ဒီပလိုမာအောင်လက်မှတ် အပ်နှင်းခြင်းခံရသူများအနေဖြင့် ခေတ်စနစ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် ဆေးဘက်ဆိုင်ရာပညာရပ်များကို သူနာပြုကောင်းတစ်ဦး၏ အရည်အချင်း၊ ကျင့်ဝတ်များနှင့်အညီ လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိရှိအကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိနိုင်ငံ၊ မိမိပြည်နယ်၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် အထောက်အကူပြုနိုင်သူများဖြစ်အောင်ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သူနာပြု- သားဖွားသင်တန်းကျောင်း (လှိုင်ကော်) ကျောင်းအုပ်ကြီး ဒေါ်မာမာဆွေ က အောင်လက်မှတ်ရရှိသော သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများက အကအလှများ၊ သီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် **(ယာပုံ)** နှင့် တာဝန်ရှိသူများက သူနာပြုနှင့် သားဖွားသင်တန်းကျောင်းရှိ သင်တန်းသား သင်တန်းသူများအတွက် ထောက်ပံ့ငွေနှင့် အကအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြပြီး သင်တန်းသား




သင်တန်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍သူနာပြု-သားဖွားသင်တန်းကျောင်း (လှိုင်ကော်) ကျောင်းအုပ်ကြီးက သင်တန်းသား သင်တန်းသူ တစ်ဦးချင်းအား ဒီပလိုမာအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါ ဒီပလိုမာအောင်လက်မှတ် အပ်နှင်းခြင်းအခမ်းအနားတွင် အောင်လက်မှတ်ရရှိသည့် သင်တန်းသား သင်တန်းသူ ၄၁ ဦးအား ဒီပလိုမာအောင်လက်မှတ်များ အပ်နှင်းပေးခဲ့ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနရှိ ဆေးရုံကြီးများနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဆေးရုံများတွင် သူနာပြုဝန်ထမ်းများအဖြစ် တာဝန်ကျရာ ဒေသများသို့ တာဝန်ထမ်းဆောင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုဇင်(လှိုင်ကော်)**

# ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ကျောင်းသား၊ကျောင်းသူများ မီဒီယာလေ့လာမှုပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၄**

အောက်တိုဘာ ၂၃ ရက်က နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမတွင် ကျင်းပခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ် (Global Media and Information Literacy Week 2023) လှုပ်ရှားမှုအဖြစ် နေပြည်တော် တပ်ကုန်းမြို့နယ် (ရွှေမြို့) အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကြီးကြပ်သူဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၅၅ ဦးတို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော် (တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လာရောက်ကြည့်ရှုလေ့လာကြသည်။



ရှေးဦးစွာ ပင်မအဆောက်အဦရှိ Auditorium ခန်းမတွင် လေ့လာရေးအဖွဲ့များအား MRTV မှ ဝန်ထမ်းများက ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် အတူ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ လေ့လာရေးအဖွဲ့သည် MRTV News Channel Studio တွင် သတင်းရိုက်ကူး နေမှုများကို ကြည့်ရှုလေ့လာကြပြီး မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တွင် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်ရာ၌ အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှု ပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်း ဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်း ပြသထားရှိမှုများအား ကြည့်ရှုလေ့လာကြပြီး မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခြင်း၊ မှတ်သားဖွယ်ရာ အဖြေလွှာများ၌ ဖြည့်စွက်မှုများအပေါ် စိစစ်၍ ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကို လာရောက် လေ့လာကြရာ သတင်းစာများ၏ သမိုင်းကြောင်းနှင့် သတင်းစာ ထုတ်လုပ်ဖြန့်ချိ ဆောင်ရွက်မှုများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ နေ့စဉ် ရိုက်နှိပ် ထုတ်ဝေလျက်ရှိသော ပုံနှိပ်စက်ခန်းနှင့် ကြေးမုံသတင်းစာတိုက် သတင်းခန်းတို့တွင် ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်ရုံကို လာရောက်ကြည့်ရှုလေ့လာကြရာ စက်ရုံ၏ သမိုင်းအကျဉ်းနှင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ပြီး စက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ်အဖြစ် နှစ်စဉ် အောက်တိုဘာလ၏ စတုတ္ထပတ်ကို UNESCO (ယူနက်စကို)က ဦးဆောင်သတ်မှတ်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှစတင်၍ ကမ္ဘာတစ်ဝန်းတွင် ကျင်းပခဲ့ကြရာ မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၁၈ ခုနှစ်မှစ၍ ပါဝင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

**သတင်းစဉ်**

❂ *ကျောက်ဖုံးမှ*

ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၄၀၄၅ တွဲကို နေ့ရက်အလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခြင်းဖြစ်ပြီး ယနေ့တွင် ကျောက်စိမ်းအတွဲ ၇၅၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၇၀၂ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ပြပွဲ ဆဋ္ဌမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း ၇၅၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး **(ဝဲအောက်ပုံ)** ဈေးနှုန်း တင်သွင်းလွှာများကို တင်ဒါပုံးအတွင်းသို့ ထည့်သွင်းကြသည်။ ကျောက်စိမ်းအတွဲပေါင်း ၇၅၀ အတွက် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီတွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။



ထို့ပြင် ကျန်ရှိနေသည့် ကျောက်စိမ်းတွဲများကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောက်တိုဘာ ၂၈ ရက်အထိ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးပညာရေးဒီဂရီကောလိပ် ပညာရေးဘွဲ့စာပေးစာယူပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာ ဦးစီးဌာန လှည်းကူးပညာရေး ဒီဂရီကောလိပ်၌ ပညာရေးဘွဲ့ (B.Ed) စာပေးစာယူ သင်တန်းအမှတ်စဉ် (၄/၂၀၂၃) ပထမနှစ် သင်တန်းနှင့် အမှတ်စဉ် (၂/၂၀၂၂) ဒုတိယနှစ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က လှည်းကူးပညာရေး ဒီဂရီကောလိပ် ပည္ဒာအားမာန်ခန်းမ၌ ကျင်းပသည်။



ဦးစွာ လှည်းကူးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်က အမှာစကား ပြောကြားပြီး B.Ed သင်တန်းသား သင်တန်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြကာ အခမ်းအနားသို့ လှည်းကူးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမ ၅၀၊ B.Ed (၄/၂၀၂၃) ပထမနှစ် သင်တန်းသား သင်တန်းသူ ၄၄၆ ဦး၊ B.Ed (၂/၂၀၂၂) ဒုတိယနှစ်သင်တန်း သင်တန်းသား သင်တန်းသူ ၂၉၈ ဦး စုစုပေါင်း ၇၉၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မကွေးမြို့ ရှေးဟောင်းသမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကျင်းပ

**မကွေး အောက်တိုဘာ ၂၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက မကွေးမြသလွန်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ မဟာဝိဇယရံသီတန်ဆောင်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ၎င်းတို့၏ဇနီးများ၊ မကွေးတပ်နယ်မှ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတီတော်ဂေါပကအဖွဲ့နှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မကွေးမြို့ ကန်ဦးရတနာကျောင်းတိုက် ပဓာနနာယက မြသလွန်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသုမင်္ဂလက သာသနာ့အလံတော်ကို အလံတိုင်ထိပ်သို့ လွှင့်တင်ပေးတော်မူကာ ပင့်သံဃာအရှင်သူမြတ်များက ဇယမင်္ဂလာ နှစ်ဂါထာတော်ကို ရွတ်ပွားသရဇ္ဈာယ်တော်မူခဲ့ကြသည်။ ဆက်လက်၍ မြသလွန်စေတီတော်မြတ်ကြီး၏ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမြင့်ဦးက မကွေးမြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၈၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် မင်္ဂလာအခမ်းအနား ဖွင့်လှစ်ကြောင်း ကျူးရင့်ပြီး ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြေးစည်၊ ခေါင်းလောင်း၊ ထိုးစည်၊ ဘားစည် ၂၄ ချက် တီးခတ်ပေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အခမ်းအနား တက်ရောက်လာကြသူများက သာဓုအနုမောဒနာ သုံးကြိမ် ရွတ်ဆိုပူဇော်ခဲ့ကြသည်။

ယင်းနောက် ဆရာတော် ဘဒ္ဒန္တသုမင်္ဂလ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များက စေတီတော်မြတ်ကြီး၏ (၂၅၈၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအထိမ်းအမှတ် ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသ တရားတော်များကို ညီညာဖြဖြ ရွတ်ပွားသရဇ္ဈာယ်တော်မူခဲ့ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။





တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများ စေတီတော်ကြီးအား လှည့်လည်ဖူးမြော်စဉ်။

မကွေးမြို့၏ ရှေးဟောင်းသမိုင်းဝင် မကွေးမြသလွန်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို အစဉ်အလာမပျက် (၁၃၈၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်အထိ) အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ ရက် ၂၀ ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယခုနှစ်တွင်လည်း မြန်မာ့ရိုးရာ အစားအစာအမျိုးမျိုး၊လူသုံးကုန်ပစ္စည်းများနှင့် တောင်သူသုံးပစ္စည်းအမျိုးမျိုးနှင့် ဒေသထွက်ကုန်ပစ္စည်းအမျိုးမျိုး စသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၆၀၀ ကျော်ဖြင့် ခင်းကျင်းရောင်းချကာ ဘုရားဖူးလာပြည်သူများအတွက် ဂေါပကအဖွဲ့က အခမဲ့နားနေဆောင်များ စီစဉ်ထားရှိကြောင်း သိရသည်။

ထို့အပြင် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် စာသင်တိုက်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများမှ သံဃာအပါး ၁၅၀၀ အားပင့်ဖိတ်၍ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲနှင့် သီတင်းကျွတ်လပြည့်နေ့ညတွင် ဆီမီး ၉၀၀၀၊ နံ့သာ ၉၀၀၀၊ ပန်း ၉၀၀၀ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ညီညာ**

# ကျောက်ဆည်မြို့ ဆင်အက အလှပြိုင်ပွဲ ဆင်အစီးရေ ၁၀၁ စီးဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ကျောက်ဆည် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ ၂၈ ရက်) တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်အကအလှပြိုင်ပွဲတွင် ဆင်အစီးရေ ၁၀၁ စီးဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်အကအလှ ပြိုင်ပွဲကို ရိုးရာမပျက် ပြည်သူများပျော်ရွှင်ပြီး စည်ကားသိုက်မြိုက်စေရန်အတွက် ညှိနှိုင်းဖျော်ဖြေရေးအပိုင်းနှင့် ပြိုင်ပွဲဝင်ကပြဖျော်ဖြေရေးဟူ၍ အပိုင်း နှစ်ပိုင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ဖျော်ဖြေရေးအစီအစဉ်အဖြစ် ဈေးပတ်ဆင် ၇၇ စီးမှ မြို့မဈေးကြီးအားပတ်၍ လှည့်လည် ကပြဖျော်ဖြေသွားမည့်အပြင် ဘော်ကြယ်များဖြင့် အလှဆင်ထားသည့် ကေသီဦး၊ ရတနာဦး၊ ဒွေး စသည့် ဘော်ကြယ်ဆင် သုံးစီးက ခေတ်ပေါ်တေးသီချင်းများသီဆို၍ သံစုံတီဝိုင်းများနှင့် မြို့တွင်းလမ်းများအနှံ့ လှည့်လည်ကပြဖျော်ဖြေသွားမည်ဖြစ်သည်။



ဆင်အကအလှပြိုင်ပွဲများကို ဈေးတန်းရပ် ရွှေသာလျောင်းတော်ခြေရှိ ဆင်အကအလှပြိုင်ကွင်းတွင် ဆောက်လုပ်ထားသော ဗဟိုမဏ္ဍပ် အမှတ်ပေးဒိုင် (၁)၊ ရန်ကုန် – မန္တလေး ကားလမ်းနှင့် တံတားဦး လမ်းဆုံတွင် ဆောက်လုပ်ထားသော အမှတ်ပေးဒိုင် (၂)၊ စုကြီးရပ်၊ လေးမျက်နှာ ဘုရားဝင်းတွင် ဆောက်လုပ်ထားသော အမှတ်ပေးဒိုင် (၃) တို့တွင် အလှည့်ကျကပြ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ရိုးရာ (လူကြီး) ဆင်ခြောက်စီး၊ ရိုးရာ (ကလေး) ဆင်လေးစီး၊ တီထွင်ဆန်းသစ်မှု (သဘာဝအတိုင်း ပြုလုပ်ထားသည့်) ဆင် နှစ်စီး၊ ဘော်ကြယ်ဆင် ငါးစီး၊ သက်ကြီးဆင် နှစ်စီး၊ ဂုဏ်ပြုဆင်နှစ်စီးတို့က အလှည့်ကျကပြ ယှဉ်ပြိုင်သွားဖြစ်ကြောင်း သိရသည်။

ဆင်အက အလှပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော ဆင်များအားဆုများ ထိုက်တန်စွာ ချီးမြှင့်နိုင်ရေး ဒိုင်အဖွဲ့များက ပြိုင်ပွဲဝင်သတ်မှတ်ချက်များအတိုင်း စိစစ်ပြီး အကဲဖြတ် အမှတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲများအပြီးတွင် ဆုရရှိသွားသည့် ဆင်အဖွဲ့များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး နှင့် မကွေးတိုင်းဒေသကြီး တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း) နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။

**မိုး/ဇလ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁၀-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၃၃ |
| 95 Ron | ၂၀၅၀ | ၂၁၂၅ |
| HSD (500 ppm) | ၂၁၉၆ | ၂၂၆၉ |
| HSD (50 ppm) | ၂၃၀၃ | ၂၃၇၉ |
| HSD (10 ppm) | ၂၃၀၉ | ၂၃၈၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

(၂၄-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂၃-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၁၀-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၇၂၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# ပိုးလမ်းမကွန်ရက်မှသည် ကမ္ဘာပတ်လမ်းဆီသို့

## မိုး(MISIS)

**သုတေသနစာတမ်းဖတ်ပွဲ ပြုလုပ်ခြင်း**

မြန်မာနိုင်ငံမဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးအဖွဲ့ (Myanmar Institute of Strategic and International Studies–MISIS) နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်တက္ကသိုလ်ရှိ မြန်မာ့ရေးရာလေ့လာရေးဌာနတို့ပူးပေါင်း၍ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ သုတေသနပညာရှင်များအကြား စာတမ်းဖတ်ကြားပွဲတစ်ရပ်ကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့ Lotte Hotel ၌ လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ အွန်လိုင်းစနစ်ဖြင့်လည်းကောင်း ပါဝင်သည့် Hybrid Formatဖြင့် ကျင်းပခဲ့ပါသည်။ စာတမ်းဖတ်ပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

Belt and Road Initiative (BRI) (၁၀)နှစ်ပြည့် အထိမ်းအမှတ်ဖြစ်သည့် "ရပ်ဝန်းနှင့် ပိုးလမ်းမ အဆိုပြုချက်နှင့် မျှဝေခံစားနိုင်သည့် အနာဂတ်အသိုက်အဝန်းထွန်းကားရေးဆိုင်ရာ တရုတ်–မြန်မာပူးပေါင်းဆောင်ရွက်မှု" စာတမ်းဖတ်ပွဲမည်သို့စတင်ပေါ်ပေါက်လာသည်ကိုလည်း တင်ပြလိုပါသည်။ ယူနန်တက္ကသိုလ်၊ မြန်မာ့ရေးရာလေ့လာရေးဌာနက MISIS ဘက်သို့ အဆိုပြုခဲ့ခြင်းမှ စတင်ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ စာတမ်းဖတ်ပွဲဟု ဆိုသော်လည်း ပုံမှန်စာတမ်းဖတ်ပွဲများကဲ့သို့မဟုတ်ဘဲ ပြင်ဆင်မှုအားကောင်းစွာဖြင့် ဖတ်ကြားဆွေးနွေးမည့်စာတမ်းများကို ကြိုတင်ပုံနှိပ်၍ သုတေသနစာတမ်းများ ပေါင်းစုထားသော မြန်မာဘာသာဖြင့် စာအုပ်ကို ဖွင့်ပွဲ၌ပင် မိတ်ဆက်ပြသနိုင်ခဲ့ပါသည်။ မြန်မာဘာသာဖြင့် စာတမ်းများကိုလည်း တရုတ်ဘာသာသို့ ပြန်ဆိုပုံနှိပ်ခြင်းကိုလည်း မကြာမီအချိန်အတွင်း ဆက်လက်ထုတ်ဝေရန် ယူနန်တက္ကသိုလ်၊ မြန်မာ့ရေးရာလေ့လာရေးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုကဲ့သို့ သုတေသနစာတမ်းများ ပြုစုပုံနှိပ်ခြင်းနှင့် စာတမ်းဖတ်ပွဲကျင်းပခြင်းတွင် ခိုင်မာသောရည်ရွယ်ချက်များရှိပါသည်။ ယင်းရည်ရွယ်ချက်များ၌ တရုတ်–မြန်မာ နှစ်နိုင်ငံ အကြား (၇၃)နှစ်ကျော် သက်တမ်းရှိပြီဖြစ်သော ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး အငွန့်ရှည်စေရန်၊ သံတမန်နည်းလမ်းသွယ် (၁.၅) (Track 1.5 Diplomacy)နှင့် သံတမန်နည်းလမ်းသွယ် (၂) (Track II Diplomacy) လမ်းကြောင်းတို့ဖြင့် ဆယ်စုနှစ်တစ်ခုကျော် အသိပညာနှင့် အတွေးအမြင်များ ဖလှယ်ခဲ့ကြသော တတ်သိပညာရှင်အဖွဲ့အစည်း (Think Tanks) နှစ်ခုကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရန်နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရန်၊ အလားတူ ဆယ်နှစ်သက်တမ်းရှိပြီဖြစ်သော ရပ်ဝန်းနှင့် ပိုးလမ်းမအဆိုပြုချက် စီမံကိန်းများ၏ အောင်မြင်မှုနှင့် ဆုံးရှုံးမှုသော့ချက်များ၊ အားနည်းချက်များကို လေ့လာ၍ ပိုမိုကောင်းမွန်သော အနာဂတ်ဖြစ်ထွန်းနိုင်ရေးအတွက် အကြံပြုသုံးသပ်ချက် စာတမ်းများ ပေါ်ထွက်ရန်၊ ထိုမှတစ်ဆင့် သက်ဆိုင်ရာတာဝန်ရှိ အကြီးအကဲများထံ မူဝါဒရေးရာ အကြံပြုချက်များ တင်ပြနိုင်ရန် စသည်တို့ပါဝင်ပါသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေး၊ ကုန်သွယ်စီးပွားဆက်ဆံရေး၊ လူမှုဘဝ ဖြစ်ပေါ်တိုးတက်မှုများကို ကမ္ဘာ့ပြည်သူများနှင့် မြန်မာပြည်သူများအကြား နားလည်သိရှိမှု မြှင့်တင်ရေးနှင့် အသိပညာ တိုးတက်ပြန့်ပွားစေရေးအတွက် သုတေသနပြုလုပ်ရန်၊ ဆွေးနွေး နှီးနှောဖလှယ်ပွဲများနှင့် စာတမ်းဖတ်ပွဲများ စီစဉ်ကျင်းပရန် စသည်တို့သည် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၏ အမြော်အမြင် (Vision)တွင် ပါဝင်သည့် မျှော်မှန်းချက်များ ဖြစ်ပါသည်။

သုတေသနစာတမ်းစုစည်းမှု စာအုပ်တွင် မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့မှ အမှုဆောင်အဖွဲ့ဝင်များနှင့် သုတေသီများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဘာသာရပ်ကျွမ်းကျင်သူများ၊ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ဘွဲ့လွန်ကျောင်းသူများ၏ စာတမ်း (၁၁) စောင်အပြင် ယူနန်တက္ကသိုလ်၊ မြန်မာ့ရေးရာလေ့လာရေးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအပါအဝင် ပီကင်းတက္ကသိုလ်၊ ရှမန်တက္ကသိုလ်တို့မှ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများနှင့် သုတေသီပညာရှင်များ၏ စာတမ်း ၁၆ စောင်တို့ကို ဖော်ပြခဲ့ပါသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမ အဆိုပြုချက်နှင့်စပ်လျဉ်း၍ နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ ပညာရေးရှုထောင့်စုံ ကဏ္ဍစုံမှနေ၍ ခွဲခြမ်းစိတ်ဖြာ သုံးသပ်သော သုတေသနစာတမ်းများကို ရေးသားတင်သွင်းခဲ့ကြပါသည်။ လက်တွေ့စာတမ်းဖတ်ကြားပွဲတွင်မူ မြန်မာနိုင်ငံဘက်မှ ပညာရှင်သုတေသီ ၁၁ ဦးနှင့် တရုတ်နိုင်ငံဘက်မှ ခုနစ်ဦး ပါဝင်ဖတ်ကြားခဲ့ပြီး မြန်မာ၊ တရုတ် မိခင်ဘာသာစကားတို့ဖြင့် တင်ပြဆွေးနွေး၍ ဘာသာပြန်သူက တရုတ်ဘာသာသို့လည်းကောင်း၊ မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုရှင်းလင်း ပြောကြားပါသည်။

စာတမ်းဖတ်ပွဲတွင် မြန်မာ–တရုတ် နှစ်နိုင်ငံမှ ပညာရှင်များသည် ရပ်ဝန်းနှင့် ပိုးလမ်းမ အဆိုပြုချက် (BRI)နှင့် ပတ်သက်၍ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ဘဏ္ဍာရေး စသည့် ရှုထောင့်စုံမှ လေ့လာသုံးသပ်ပြီးနောက် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေပြီး ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်မည့် အကြံပြုချက်များကို ဆွေးနွေးခဲ့ကြပါသည်။


တရုတ်သုတေသနပညာရှင်များ၏ စာတမ်းများအရ အိမ်နီးချင်းမြန်မာနိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အလေးထားပြီး ကံကြမ္မာတူ အသိုက်အဝန်းကို အတူတကွ ထူထောင်လိုကြောင်း လေ့လာသိရှိရပါသည်။ နှစ်ဖက်ပညာရှင်များနှင့် သုတေသီများသည် ပိုးလမ်းမ အဆိုပြုချက်၏ သမိုင်းကြောင်းနှင့် လက်ရှိအခြေအနေတို့အပေါ် မူတည်၍ နှစ်နိုင်ငံအကြား ပိုမိုနီးကပ်သော ဆက်ဆံရေးတည်ဆောက်နိုင်ရန်နှင့် အတူတကွ ဖွံ့ဖြိုးတိုးတက်နိုင်ရန် စီမံကိန်း၏ အားသာချက်/အားနည်းချက်တို့ကို ထောက်ပြဆွေးနွေးခဲ့ကြပါသည်။

*စာမျက်နှာ ၁၇ သို့*



မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်တက္ကသိုလ်ရှိ မြန်မာ့ရေးရာလေ့လာရေးဌာနတို့ပူးပေါင်း၍ စာတမ်းဖတ်ကြားပွဲတစ်ရပ်ကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပစဉ်။

> **"မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် မဟာဗျူဟာကျသည့်နေရာ၌တည်ရှိပြီး တရုတ်- အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံနှင့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးစင်္ကြံအစိတ်အပိုင်းများတွင် ပါဝင်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် BRI အကောင်အထည်ဖော်ဆောင်မှု အစီအစဉ်များတွင် ပါဝင်လျက်ရှိပြီး တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (China-Myanmar Economic Corridor-CMEC) ပူးတွဲတည်ထောင်ရေး နားလည်မှုစာချွန်လွှာတွင်လည်း လက်မှတ်ရေးထိုးပြီးဖြစ်"**



ခေတ်သစ်ပိုးလမ်းမကြီးမြေပုံ။




တရုတ်-မြန်မာစီးပွားရေးစင်္ကြံနေရာပြမြေပုံ။

စာမျက်နှာ ၁၆ မှ

**Belt and Road Initiatives ဆိုသည်မှာ**

အလျဉ်းသင့်၍ ရပ်ဝန်းနှင့်ပိုးလမ်းမ အဆိုပြုချက် (Belt and Road Initiatives – BRI) နှင့် ပတ်သက်၍ ဗဟုသုတဖြစ်ဖွယ်အချက်များကိုလည်း မျှဝေလိုပါသည်။ BRI သည် ၂၀၁၃ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ကာဇက်စတန်နှင့် အင်ဒိုနီးရှားနိုင်ငံ ခရီးစဉ်များအတွင်း စတင်မိတ်ဆက်ခဲ့သော တရုတ်နိုင်ငံ၏ ကမ္ဘာတစ်ဝန်း ဖြန့်ကြက်ရန် ရည်ရွယ်ထားသော ရေရှည်မဟာဗျူဟာစီမံကိန်းတစ်ခု ဖြစ်ပါသည်။ One Belt One Road (OBOR) တစ်ခုတည်းသော ရပ်ဝန်း၊ တစ်ခုတည်းသော လမ်းကြောင်းအဖြစ် စတင် မိတ်ဆက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် BRI အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

BRI သည် ကုန်းလမ်းကြောင်း ပိုးလမ်းမ စီးပွားရေးရပ်ဝန်း (Silk Road Economic Belt – SREB) နှင့် ၂၁ ရာစုရေကြောင်းပိုးလမ်းမ (21st Century Maritime Silk Road–MSR) အစိတ်အပိုင်းနှစ်ခုကို ပေါင်းစပ်ထားသည့် ခေတ်သစ်ပိုးလမ်းမစီမံကိန်းဖြစ်ပါသည်။ ကုန်းလမ်းကြောင်းပိုးလမ်းမစီးပွားရေးရပ်ဝန်းသည် တရုတ်နိုင်ငံမှ အစပြု၍ ကုန်းတွင်းပိတ် အာရှအလယ်ပိုင်း၊ ထိုမှတစ်ဆင့် အရှေ့တောင်အာရှ၊ တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပနိုင်ငံများကို ကုန်းလမ်းကြောင်းဖြင့် ချိတ်ဆက်သည့် ကွန်ရက်ဖြစ်ပါသည်။ ပင်လယ်ရေကြောင်းပိုးလမ်းမသည် တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာတို့မှတစ်ဆင့် အရှေ့တောင်အာရှမှ တောင်အာရှ၊ အရှေ့ အလယ်ပိုင်း၊ အာဖရိက၊ တောင်အမေရိကနှင့် ဥရောပတို့ကို ဖြတ်သန်းသွားလာနိုင်မည့် အင်ဒို–ပစိဖိတ်ပင်လယ်ရေလမ်းကြောင်းကွန်ရက်ဖြစ်ပါသည်။

တရုတ်နိုင်ငံသည် စီမံကိန်းကွန်ရက်အတွင်း ပါဝင်နေသည့် နိုင်ငံများ၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် အခြေခံအဆောက်အအုံများ တည်ဆောက်၍ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့မှုမှသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသို့ ရည်ရွယ်သည့် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ပါသည်။ အခြေခံအဆောက်အအုံ တည်ဆောက်ရေးတွင် ဆိပ်ကမ်းများ၊ မိုးမျှော်တိုက်များ၊ မီးရထားလမ်းများ၊ အဝေးပြေးလမ်းမများ၊ တံတားများ၊ လေဆိပ်များ၊ ဆည်များ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများ၊ ရထားလမ်းဥမင်များ၊ ရေနံပိုက်လိုင်းများ၊ နယ်စပ်ကုန်သွယ်ရေးကွန်ရက်များ ပါဝင်ပါသည်။

ထို့ပြင် ကုန်းလမ်းကြောင်းကွန်ရက်အတွင်းရှိ နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည့် နိုင်ငံတကာစီးပွားရေးစင်္ကြံ (၆) ခုကို မိတ်ဆက်ရမည်ဆိုလျှင် –

(၁) ယူရေးရှားအသစ် ကုန်းလမ်းပေါင်းကူး စီးပွားရေးစင်္ကြံ (New Eurasia Land Bridge Economic Corridor)

(၂) တရုတ်–မွန်ဂိုလီးယား–ရုရှား စီးပွားရေးစင်္ကြံ (China–Mongolia– Russia Economic Corridor)

(၃) တရုတ်–အာရှအလယ်ပိုင်း–အာရှအနောက်ပိုင်း စီးပွားရေးစင်္ကြံ (China–Central Asia–West Asia Economic Corridor)

(၄) တရုတ်– အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံ (China–Indochina Peninsula Economic Corridor)

(၅) တရုတ်–ပါကစ္စတန် စီးပွားရေးစင်္ကြံ (China–Pakistan Economic Corridor)

(၆) ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ– မြန်မာ စီးပွားရေးစင်္ကြံ (Bangladesh– China–India–Myanmar Economic Corridor (BCIM)) တို့ ဖြစ်ကြပါသည်။

> ❖ **တရုတ်- မြန်မာစီးပွားရေးစင်္ကြံ ပူးတွဲတည်ထောင်ရေးသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ အစပျိုး၍ မြန်မာနိုင်ငံ မန္တလေးမြို့အထိ၊ ထိုမှတစ်ဆင့် ရန်ကုန်မြို့နှင့် ကျောက်ဖြူမြို့သို့ ဖြာထွက်သွားသည့် လမ်းကြောင်းများအတိုင်း ဆောင်ရွက်မည်ဖြစ်ကာ နှစ်နိုင်ငံ ဘက်စုံစီးပွားကုန်သွယ်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်**

Fudan University အစိမ်းရောင်စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာ၏ ၂၀၂၃ ခုနှစ် ဩဂုတ်လအထိစာရင်းအရ နိုင်ငံပေါင်း ၁၅၅ နိုင်ငံက စီမံကိန်းတွင် ပါဝင်ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီးဖြစ်ကာ ကမ္ဘာ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်းနီးပါးရှိပါသည်။ တရုတ်နိုင်ငံ၏ BRI အဆိုပြုချက်နှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုများမှာ ၂၀၂၃ ခုနှစ် ဇူလိုင်လအထိ အမေရိကန်ဒေါ်လာတစ်ထရီလီယံကျော်တန်ဖိုးရှိပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် မဟာဗျူဟာကျသည့်နေရာ၌ တည်ရှိပြီး တရုတ်–အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံနှင့် ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ–မြန်မာစီးပွားရေးစင်္ကြံ အစိတ်အပိုင်းများတွင် ပါဝင်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် BRI အကောင်အထည်ဖော်ဆောင်မှု အစီအစဉ်များတွင် ပါဝင်လျက်ရှိပြီး တရုတ်–မြန်မာ စီးပွားရေးစင်္ကြံ (China–Myanmar Economic Corridor–CMEC) ပူးတွဲတည်ထောင်ရေး နားလည်မှုစာချွန်လွှာတွင်လည်း လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

တရုတ်–မြန်မာစီးပွားရေးစင်္ကြံ ပူးတွဲတည်ထောင်ရေးသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ အစပျိုး၍ မြန်မာနိုင်ငံ မန္တလေးမြို့အထိ၊ ထိုမှတစ်ဆင့် ရန်ကုန်မြို့နှင့် ကျောက်ဖြူမြို့သို့ ဖြာထွက်သွားသည့်လမ်းကြောင်းများအတိုင်း ဆောင်ရွက်မည်ဖြစ်ကာ နှစ်နိုင်ငံဘက်စုံစီးပွားကုန်သွယ်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။

BRI ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ကြရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတကာကွန်ရက်နှင့်ပါ ချိတ်ဆက်၍ ကုန်သွယ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများ ရရှိနိုင်သောကြောင့် သဘောကျနှစ်ခြိုက်သူများရှိသကဲ့သို့ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်မှုကြောင့် ကြွေးမြီထောင်ချောက်ပြဿနာများ ရှိနိုင်သည်။ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝနစ်နာသည်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်သည် ဟူသော ဝေဖန်မှုသုံးသပ်မှုများလည်း ကြုံတွေ့ကြရပါသည်။

**ပူးပေါင်းဆောင်ရွက်ရာတွင် သတိပြုဖွယ်များ**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံစီးပွားရေးစင်္ကြံဖော်ဆောင်ရာတွင် သတိပြုဖွယ်များလည်း ရှိနေပါသည်။ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ၎င်း၏ အဖွင့်အမှာစကားတွင် "မည်သည့်ကိစ္စတွင်မဆို ဒင်္ဂါးပြား၏ ခေါင်းနှင့်ပန်းကဲ့သို့ အကောင်းအဆိုး ဒွန်တွဲတည်ရှိနေတတ်ပြီး အားသာချက် အားနည်းချက်တို့ကို အကဲဖြတ်စိစစ်မည်ဆိုလျှင် ယင်းစီမံကိန်းကြောင့် အကျိုးကျေးဇူး မည်မျှခံစားနိုင်မည်။ အများပြည်သူ၏ လူမှုစီးပွားဘဝ မည်မျှတိုးတက်နိုင်မည်ကို ယှဉ်ထိုးစဉ်းစား တိုင်းတာကြရမည်ဖြစ်ကြောင်း။ အကဲဖြတ် တိုင်းတာရာတွင်လည်း ယခင်က သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်ရာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်နိုင်ခြေများအတွက် EIA (Environmental Impact Assessment)၊ SIA (Social Impact Assessment) တို့ကို လေ့လာသုံးသပ်ချက်များ ပြုလုပ်လေ့ရှိပြီး ယခုနောက်ပိုင်းတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကြုံတွေ့ရလေ့ရှိသည့် ပြည်တွင်းနိုင်ငံရေး အခြေအနေနှင့် နိုင်ငံတကာ လှုပ်ရှားမှုများ၏ မဟာဗျူဟာတို့ကို စဉ်းစားရန် Political Impact Assessment နှင့် Strategic Impact Assessment တို့ကိုလည်း ထည့်သွင်းတွက်ချက်ရန် လိုအပ်ကြောင်း၊ သို့မှသာ အထိခိုက် အနည်းဆုံးနှင့် အကျိုးမြတ်အများဆုံးရနိုင်သည့် စီမံကိန်းကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့ပါသည်။

စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် စိန်ခေါ်မှုများစွာရှိနေသောကြောင့် စီမံကိန်းဖြစ်နိုင်ခြေကို ဂဃနဏ လေ့လာဆုံးဖြတ်ရမည်မှာ ကနဦးလိုအပ်ချက်ဖြစ်ပါသည်။ ထို့အပြင် တာဝန်ရှိသူများက သက်ဆိုင်ရာနယ်မြေရှိ ဒေသခံပြည်သူလူထုနှင့် ပတ်ဝန်းကျင်ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်ရေး၊ လူမှုစီးပွားဘဝများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာမခံချက်ရှိစေရေးတို့ကို အဓိကအလေးထား ဆောင်ရွက်ရန် လိုအပ်ပါသည်။ စီမံကိန်းလုပ်ငန်းများကို မစတင်မီကပင် ပွင့်လင်းမြင်သာမှုရှိရှိဖြင့် စီမံကိန်း၏ တိုက်ရိုက်သက်ရောက်မှုများ ခံစားရမည့် ဒေသခံပြည်သူများအမြင်ကို အများပြည်သူထံ အသိပေးရမည်ဖြစ်သည်။

BCIM Corridor နှင့် CMEC Corridor စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ဈေးကွက်များ ဖြစ်ထွန်းနိုင်ခြင်း၊ ကုန်သွယ်မှု လျင်မြန်စွာ စီးဆင်းနိုင်ခြင်း အကျိုးကျေးဇူးများ ရရှိနိုင်သည်။ အလားတူ စီမံကိန်းလမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံအသီးသီးရှိ ပြည်သူလူထုအားလုံးတန်းတူညီမျှအခွင့်အရေးရရှိရန်၊ အားလုံးအတူတကွ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရန် စသည်တို့လည်း မဖြစ်မနေ လိုအပ်ပါသည်။

လူ့သမိုင်း ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုများသည် လူတို့၏ လုပ်ဆောင်ချက်များကြောင့်ပင်ဖြစ်သကဲ့သို့ ကိစ္စရပ်တိုင်းတွင်လည်း အကောင်းအဆိုး အကြောင်းအကျိုးတို့က အစဉ်အမြဲ ယှဉ်တွဲနေတတ်ပါသည်။ ထို့ကြောင့် မိမိတို့လက်ထက်တွင် ပေါ်ပေါက်လာသော အခွင့်အလမ်းများ၊ စိန်ခေါ်မှုများကို မိမိတို့က နောင်အနာဂတ် မျိုးဆက်သစ်များအတွက်မည်ကဲ့သို့ ပုံဖော်ထုဆစ်ကြမည်ဆိုသည်မှာ ယနေ့ခေတ်မျိုးဆက်ဖြစ်သည့် မိမိတို့လက်ဝယ်တွင် ရှိနေပါသည်။

မြန်မာနိုင်ငံသည် BRI စီမံကိန်းများအတွက် အလွန်မဟာဗျူဟာကျသည့် တည်နေရာတွင် ရှိနေသဖြင့် နှစ်နိုင်ငံ၏ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အလေးထား ထိန်းသိမ်းကာ မိမိနိုင်ငံ၏ လုံခြုံရေးနှင့် အမျိုးသားစီးပွားကို ထိခိုက်မှုမရှိစေသည့် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်၍ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ဖော်ဆောင်သင့်ပါသည်။ ကမ္ဘာ့အင်အားကြီး တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား တည်ရှိနေပြီး ပထဝီအနေအထား ပေးထားချက်၏ အားနည်းချက်တို့ကို သတိထားကိုင်တွယ်ရင်း အားသာချက်တို့ကို ပါးပါးနပ်နပ် အသုံးချရမည်ဖြစ်ပါသည်။

BRI စီမံကိန်းများကို တရုတ်နိုင်ငံတည်ထောင်မှုနှစ်(၁၀၀)ပြည့်သည့် ၂၀၄၉ ခုနှစ်တွင် ပြီးမြောက်ရန် ရည်မှန်းပါသည်။ ထိုရည်မှန်းချက် ပြည့်မြောက်ချိန်တွင် မြန်မာနိုင်ငံနှင့် ပြည်သူများသည်လည်း ဒေသတွင်းနိုင်ငံများနှင့်သာမက ကမ္ဘာ့နိုင်ငံများနှင့်ပါ စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုစီးပွားဘဝ စသည့် ကဏ္ဍအသီးသီးတို့တွင် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များ ခံစားရမည်ဟု ယုံကြည်မျှော်လင့် မိပါသည်။ ။

**ကျမ်းကိုးစာရင်း**

ရပ်ဝန်းနှင့်ပိုးလမ်းမအဆိုပြုချက်နှင့် မျှဝေခံစားနိုင်သည့်အနာဂတ် အသိုက်အဝန်း ထွန်းကားရေးဆိုင်ရာ တရုတ်–မြန်မာပူးပေါင်းဆောင်ရွက်မှု သုတေသနစာတမ်းများ

# လှည်းကူးမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ဦးဆောင်မှုဖြင့် စုပေါင်း သန့်ရှင်းရေးလုပ်ငန်းကို အောက်တိုဘာ ၂၁ ရက်က နဘဲပင် အခြေခံပညာမူလတန်းကျောင်း၊ သနပ်ပြင် မူလတန်းလွန်ကျောင်းနှင့်အခြေခံပညာအထက်တန်းကျောင်း (ဆားတလင်း)တို့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လှည်းကူးမြို့နယ်၌ အောက်တိုဘာ ၇ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အခြေခံပညာကျောင်း ၆၆ ကျောင်းတွင် ရေများဝင်ရောက်မှုကြောင့် ကျောင်းများ ခေတ္တပိတ်ထားခဲ့ရပြီး ယခုအခါ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကာ လိုအပ်သည့် ပြင်ဆင်ဆောင်ရွက်မှုများကို တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲဆိုင်ရာ မိတ်ဆက်ရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်အဖွဲ့(ဗဟို) ကောဒသမအကြိမ် သုတစုံလင် ဗုဒ္ဓဝင် ဖြေဆိုပူဇော်ပွဲဆိုင်ရာ မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့နံနက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကရုံးဝင်း အလုပ်သမားဝန်ကြီးဌာနဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားဖွင့်လှစ်ပြီး သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို) ဩဝါဒါစရိယ ဒွိပိဋက (တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ )ဆရာတော် ဘဒ္ဒန္တ အဂ္ဂသာမိက အဖွင့်ဩဝါဒကထာ မိန့်ကြားသည်။ ဆက်လက်၍ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့ (ဗဟို) နာယက ဘဒ္ဒန္တဝိလာသ (ဝေမိုး-ကျွန်းလှ) ဆရာတော်က ဗဟိုအဖွဲ့၏ လုပ်ငန်းရည်ရွယ်ချက်ဖြစ်သော မဟာဗုဒ္ဓဝင် ပြန့်ပွားရေးဆိုင်ရာတို့ကို ရှင်းလင်းမိန့်ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို) ဥက္ကဋ္ဌဆရာတော် ဒေါက်တာ ပဏ္ဍိတာဘိဝံသက အဖွဲ့ကြီး စတင်တည်ထောင်ခဲ့ပုံနှင့် ဆက်လက်ဖွဲ့စည်းဆောင်ရွက်နေပုံတို့ကို ရှင်းလင်းမိန့်ကြားသည်။ **(ဝဲပုံ)** ဆက်လက်၍ အဖွဲ့၏ ဘဏ္ဍာငွေရှာဖွေခြင်း၊ သုံးစွဲခြင်း ကိစ္စရပ်များဆိုင်ရာနှင့် စပ်လျဉ်း၍ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့ (ဗဟို) နာယက/ ဘဏ္ဍာရေးမှူးကြီး ဒေါက်တာ မြသီတာဆွေတင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် သုတစုံလင် ဗုဒ္ဓဝင်အဖွဲ့(ဗဟို)၏ နာယက ဆရာတော် မနာပဒါယီ ကိုရီးယား ဆရာတော် အရှင်ဝိစိတ္တက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**အာကာလင်း**



## ပေါင်မြို့နယ်အတွင်း ဝါကပ်တော်မူကြသောသံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်

**ပေါင် အောက်တိုဘာ ၂၄**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ဝါကပ်တော်မူကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက်က ပြုလုပ်ရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘုရားကြီးတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသထံမှ ပရိသတ်များက ငါးပါးသီလခံယူ စောင့်တည်ခြင်းနှင့် ဆရာတော် သံဃာတော် အရှင်မြတ်များ ရွတ်ဖတ်အပ်သော မေတ္တသုတ် ပရိတ်တရားတော်မြတ်ကို နာယူကြသည်။

ဆက်လက်၍ သာသနာရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ပေါင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်က ရှင်းလင်းတင်ပြ လျှောက်ထားပြီး သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



အဆိုပါ ဆွမ်းဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ပေါင်မြို့နယ်အတွင်းရှိ ဂိုဏ်းပေါင်းစုံ ၃၃၁ ကျောင်းမှ ဝါဆို၊ ဝါကပ်တော်မူကြသော ရဟန်း ၂၂၁၀၊ သာမဏေ ၁၀၆၄ ပါး၊ ပေါင်း ၃၂၇၄ ပါးနှင့် သီလရှင်ကျောင်း ၂၇ ကျောင်းမှ သီလရှင် ၂၃၇ ပါးအတွက် ဆွမ်း၊ ကွမ်း အခက်အခဲ မရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

**မြို့နယ် (ပြန်/ဆက်)**

## မန္တလေးမြို့တွင် ရှရီရှရီဆာရဒီယာဒူရ်ဂါပူဂျာပွဲတော် – စန္ဒီမယ်တော် ရေမျှောပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**မန္တလေး အောက်တိုဘာ ၂၄**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဟိန္ဒူဘာသာဝင်များ၏ ရှရီရှရီဆာရဒီယာဒူရ်ဂါ ဒေဝီ-စန္ဒီမယ်တော် ရေမျှောပူဇော်ပွဲကို မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ဟိန္ဒူဘုရားကျောင်းနှင့် မြို့ပတ်လမ်း ၂၆ လမ်း ဂေါဝိန်ဆိပ်သတ်မှတ်နေရာတွင် အောက်တိုဘာ ၂၄ ရက်နေ့လယ်ပိုင်းမှ ညနေပိုင်းအထိ အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ပူဇော်ပွဲကျင်းပခဲ့ကြသည့် မန္တလေးမြို့ ၃၅ လမ်း ပုဏ္ဏားကုန်းမြို့တွင်း လေးပြင်လေးရပ် အနယ်နယ်အရပ်ရပ်ရှိ ဟိန္ဒူဘုရားကျောင်း ဂေါပကအဖွဲ့တို့ကကြီးမှူး၍ ပူဇော်ပွဲကို ဥပုသ်သီတင်းသီလဆောက်တည်၍ ဟိန္ဒူရိုးရာဓလေ့နှင့်အညီ ပူဇော်ခဲ့ကြပြီး အောက်တိုဘာ ၂၄ ရက် မွန်းလွဲပိုင်းမှစတင်၍ မော်တော်ယာဉ်များဖြင့် စန္ဒီမယ်တော်ရုပ်ပွားတော်ကို ပင့်ဆောင်၍ ဟိန္ဒူဘာသာဝင် မိသားစုများက ဘုရားကျောင်းအလိုက် ရိုးရာဝတ်စုံများ ဆင်မြန်းကာ မြို့တွင်းမှ အစီအစဉ်အတိုင်း အတူလိုက်ပါလှည့်လည်၍ ရိုးရာယဉ်ကျေးမှုအဖွဲ့တို့ကလည်း ဓမ္မတေးများရွတ်ဆိုကာ ပျော်ရွှင်စွာ ရွှေဂေါဝိန်ဆိပ် ရေမျှောနေရာသို့ ရောက်ရှိကြပြီး သင်္ဘောဖြင့် တင်ဆောင်၍ မြစ်လယ်အတွင်း ရေမျှောပူဇော်ခဲ့ကြသည်။ ထိုမှတစ်ဆင့် ရေမျှောပူဇော်ပွဲ လာရောက်ကြသူများသည် ဂင်္ဂါမြစ်ဆိပ် ဟိန္ဒူဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ အလှူငွေများ ထည့်ဝင်လှူဒါန်းကြပြီးနောက် ကျောင်းခန်းမတွင် ရေမျှောပူဇော်ပွဲတော်လာသူများကို နှစ်စဉ်အလှူရှင် မင်္ဂလာစတိုးမိသားစုက စတုဒိသာတို့ဖြင့် ကျွေးမွေး ဧည့်ခံသည်။ ထို့အပြင် ညပိုင်းတွင်လည်း နန်းရှေ့ ၁၉ လမ်း မဟာကာလီမယ်တော်ဟိန္ဒူ ဘုရားကျောင်း၊ မြောက်ပြင်သီရိဥုံဟိန္ဒူဘုရားကျောင်းနှင့် ၂၈ လမ်းရှိ ရှရီရှရီဒူရ်ဂါဘာရီ ဟိန္ဒူ ဘုရားကျောင်းတို့၌လည်း ဂေါပကအဖွဲ့မှ ကြီးမှူး၍ ရေမျှောပူဇော်ပွဲတော် မှအပြန် ဘုရားကျောင်းလာရောက်သည့်သူများအား စတုဒိသာအကျွေးအမွေးဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။



**တင်မောင်-မန္တလေး**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အောက်တိုဘာလ တတိယ ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသ ခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အောက်တိုဘာလ ဒုတိယ ၁၀ ရက်ပတ်အတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အောက်တိုဘာလ တတိယ ၁၀ ရက်ပတ်အတွင်း မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီ ဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၁ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၈၂ ရာခိုင်နှုန်းမှ ၉၃ ရာခိုင်နှုန်းအတွင်း အသီးသီး ရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂၁ မီလီမီတာ မှ ၃၁ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၂ မီလီမီတာ မှ ၄၂ မီလီမီတာအတွင်း အသီးသီး ရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (စိုစွတ်)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် 17W/63060 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်းဇော် ၉/ဝတန(နိုင်)၁၆၁၁၉၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)


## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ







# မြန်မာလူငယ်ဂေါက်အဖွဲ့ ပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂၄**

ထိုင်းနိုင်ငံ၌ အောက်တိုဘာ ၂၆ ရက်မှ ၂၉ရက်အထိ ကျင်းပမည့် 14th Singha Thailand Junior World Golf Championships 2023 ဂေါက်သီးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက် အားကစားအဖွဲ့သည် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (ယာပုံ)

ပြိုင်ပွဲဝင် မြန်မာဂေါက်သီးရိုက်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးကျော်ကိုကိုချစ် (ဒုဥက္ကဋ္ဌ၊ မျိုးဆက်သစ်လူငယ်ဂေါက်သီး ကစားသမားများဆပ်ကော်မတီ)၊ နည်းပြအဖြစ် ဦးမင်းစစ်သွေး၊ အားကစားသမားများအဖြစ် Junior Golf Myanmar (JGM) မှ ထွန်းသူရိန်၊ အောင်သန်းထွဋ်၊ ရဲမင်းသန့်၊ နိုင်ဦးကို၊ လင်းထက်ညီ၊ ဆုနှင်းဖြူ၊ ချိုသာအောင်၊ ဆုလာဘ်အောင်နှင့် နန်းဆိုင်အွမ်ငင်းတို့သည် သက်တမ်းအလိုက် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်သည် ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရရှိစေရန် နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်စေလျက်ရှိသည်။



ကိုညီလေး၊ ဓာတ်ပုံ-MGF

## ကသာမြို့၌ တန်ဖိုးသင့်စားသောက်ကုန်များ ရောင်းချပေး

**ကသာ အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အခြေခံလူတန်းစားများအနေဖြင့် တန်ဖိုးသင့်စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသောက်နိုင်ရန်အတွက် ယမန်နေ့က ခရိုင်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း ရောင်းချပေးသည်။

အဆိုပါ တန်ဖိုးသင့်ရောင်းချပေးရာတွင် ဆန်တစ်ပြည်၊ ကြက်သွန်နီ ၂၅ ကျပ်သား၊ ကြက်ဥသုံးလုံးပါ ပစ္စည်းသုံးမျိုးလျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့် ဒေသခံပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများအား ရောင်းချပေးလျက်ရှိရာ ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးသည်။ တန်ဖိုးသင့်စားသောက်ကုန်ပစ္စည်းများ ရောင်းချပေးခြင်းကို ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက အပတ်စဉ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လူအောင်(ကသာ)



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၁၀ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၁၀ ကျပ် | ၂၃၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၂၀ ကျပ် | ၂၄၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၅ ကျပ် | ၂၁၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၅၂၁ | ၄၆၈၉၀၀၀ |
| MTSH | ၃၀၀၀ | ၂၉၅၀ | ၃၆၀၄ | ၁၀၇၄၆၃၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၆၅၀ | ၁၇၀၀ | ၂၂၁၀ | ၃၆၉၆၅၀၀ |
| TMH | ၂၇၀၀ | ၂၆၅၀ | ၈၈ | ၂၃၅၄၀၀ |
| EFR | ၂၁၀၀ | ၂၁၀၀ | ၈၃၇ | ၁၇၃၇၇၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၁၀ | ၄၉၀၀၀ |
| MAEPC | ၁၇၅၀ | ၁၇၅၀ | ၅၇၁၁ | ၉၉၉၄၂၅၀ |

ညီညီ - စုစည်းသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မန္တလေးကွန်ပျူတာတက္ကသိုလ်
## ပါရဂူဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ မန္တလေးကွန်ပျူတာတက္ကသိုလ်၊ ကွန်ပျူတာပါရဂူဘွဲ့ Ph.D(IT) သင်တန်းအပတ်စဉ်(၁၁) နှင့် Ph.D (IT) (Research Only ) သင်တန်း အပတ်စဉ်(၇) များကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်း အပတ်စဉ်(၁၁)သည် အချိန်ပြည့် သင်တန်းဖြစ်ပြီး ပါရဂူဘွဲ့ အကြိုသင်တန်း(၁)နှစ်နှင့် သုတေသနကျမ်းပြု (၂)နှစ် ၊ စုစုပေါင်း (၃)နှစ် သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်း ဖြေဆို အောင်မြင်ပြီးသူများကိုသာလျှင် ပါရဂူ သုတေသန ဆက်လက် လုပ်ဆောင်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ Ph.D(IT) လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များ နှင့် ပြည့်စုံသူဖြစ်ရမည်။

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါးစလုံးသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ကွန်ပျူတာဘာသာရပ်(သို့မဟုတ်) အလားတူ သတင်းအချက်အလက်နှင့်နည်းပညာဆိုင်ရာ ဘာသာရပ်အထူးပြုဖြင့် မဟာဘွဲ့ တစ်ခုခုရရှိထားသူ ဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက တစ်ဆက်တည်းလုပ်သက် (၂)နှစ် ရှိ၍ လက်ရှိတာဝန်ထမ်းဆောင်နေသူ ဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်လျှင်သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့်လျှောက်ထား ရမည်။

(င) သင်တန်းအား အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။

(စ) သင်တန်းတက်ရောက်မည့် ကျောင်းသား၊ကျောင်းသူများသည် Referee နှစ်ဦးထံမှ Letter of Recommendation တင်ပြနိုင် ရမည်။

၄။ Ph.D(IT) သင်တန်းသို့ တက်ခွင့်ရရန် အထက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လျှောက်ထားသူများသည် အရည်အချင်းစစ် ဝင်ခွင့်စာမေးပွဲ (Entrance Exam) ကို ဝင်ရောက် ဖြေဆိုကြရမည်။

**ရေးဖြေစာမေးပွဲ**

| နေ့စွဲ | ဘာသာရပ် | အချိန် | ဖြေဆိုရမည့်ဌာန |
|---|---|---|---|
| ၁၆.၁၁.၂၀၂၃ (ကြာသပတေးနေ့) | အင်္ဂလိပ် | နံနက်(၉:၀၀)နာရီမှ (၁၂:၀၀)နာရီ | မန္တလေး ကွန်ပျူတာ တက္ကသိုလ် |
| | သက်ဆိုင်ရာ ဘာသာရပ် | နေ့လည်(၁:၀၀)နာရီမှ (၄:၀၀) နာရီ | |

၅။ (၁၇.၁၁.၂၀၂၃)ရက်(သောကြာနေ့)တွင် မန္တလေးကွန်ပျူတာ တက္ကသိုလ်တွင် လူတွေ့ဖြေဆိုကြရမည် ဖြစ်သည်။

၆။ ပါရဂူဘွဲ့အကြိုသင်တန်းများကို (၂၃.၁၁.၂၀၂၃) ရက်၊ (ကြာသပတေးနေ့) တွင် စတင်ဖွင့်လှစ် သင်ကြားမည်ဖြစ်သည်။

၇။ IT ပညာရပ်နယ်ပယ်တွင် လုပ်သက်အတွေ့အကြုံ (၁၅) နှစ်နှင့် အထက်ရှိပြီး ၊ IT ဘာသာရပ်တွင် မဟာဘွဲ့တစ်ခုခုရရှိပြီးသူများသည် Ph.D(IT) (Research Only)သင်တန်းအတွက် အရည်အချင်းစစ် ဝင်ခွင့်စာမေးပွဲ (Entrance Exam) ဖြေစရာမလိုဘဲ သီးခြားလျှောက်ထားနိုင်ပါသည်။

၈။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် ရယူပြီး (၁၄-၁၁-၂၀၂၃)ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၉။ အခြားသိရှိလိုပါက မန္တလေးကွန်ပျူတာတက္ကသိုလ် ဖုန်းနံပါတ် ၀၉- ၇၅၂၃၀၂၁၁၅ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**မန္တလေးကွန်ပျူတာတက္ကသိုလ်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/6767 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ ဦးမောင်သန်းအေး ၁၁/စတန(နိုင်)၀၅၄၅၁၅က စစ်တွေမြို့၊ အနောက်စံပြရပ်ကွက်၊ အကွက်အမှတ်(၄၃)၊ ဂျိန်ခါနာအနောက်အကွက်၊ ဦးပိုင်အမှတ်(ဤ/၂၃၆)၊ မြေချိန်ဧရိယာ(၀.၂၀၉)ဧကအား လူနေအိမ်ဆောက်လုပ်နေထိုင်ရန်အတွက် မြေငှားဂရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်တွေမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
### နတ်တလင်းခရိုင်တရားရုံးတော်
### ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၇

ဒေါ်သိမ့်သိမ့်စိုး **နှင့်** ၁။ ဦးဝင်းနိုင် ၂။ ဒေါ်ခင်မာကြည် ၃။ ကိုကိုထက်လင်း

**(တရားလို)** **(တရားပြိုင်များ)**

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့နယ်၊ ပွဲသာအုပ်စု၊ ဂုံတောရွာနေ (၁) တရားပြိုင် ဦးဝင်းနိုင်၊ (၂)တရားပြိုင် ဒေါ်ခင်မာကြည်နှင့် (၃) တရားပြိုင် ကိုကိုထက်လင်း (အတူနေမိသားစု) (ယခုနေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်သိမ့်သိမ့်စိုးက "ကျောက်ရွေးစပါးတင်းရေပေါင်း (၁၆၂၁)တင်း၏ တန်ဖိုးငွေကျပ် (၁၆၂၁၀၀၀၀)ရလိုမှု"နှင့် လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်)၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၃၁ရက်၊ (၁၃၈၅ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ နံနက် (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းသိင်္ဂီ)**
**ခရိုင်တရားသူကြီး**
**နတ်တလင်းခရိုင်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ အောင်သုခရပ်ကွက်နေ ဒေါ်ချောစုလှိုင်ဝင်း ၁၀/ကမရ(နိုင်)၀၅၇၄၀၁၏ မွေးသက္ကရာဇ် အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်အရ (၂-၆-၁၉၇၉) ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ ကျွန်းသာယာရပ်နေ ဦးဝင်းစိန်၏သား ကျွန်တော် မောင်အောင်ပိုင် ၇/ပခန(နိုင်)၁၉၈၅၅၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် M-40 8952သည်ပျောက်ဆုံးသွားပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၁၄၆၃၀၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ကျော်သူစိုး ၇/လပတ(နိုင်)၁၆၂၃၀၅ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၁၀၄၇၂၇၂**

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ မအီမြို့၊အမှတ်(၂)ရပ်ကွက်နေ ဦးဝင်းလွင် ၁၁/ အမန(နိုင်) ၀၀၀၃၉၇ ၏သမီး မခင်စုစုသွယ်၏ မွေးသက္ကရာဇ် အမှန်မှာ ၂၀-၅-၂၀၀၁ ဖြစ်ပါကြောင်း။

**မခင်စုစုသွယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ မင်းကျောင်းကျေးရွာကွင်း၊ ကွင်းအမှတ်နှင့်အမည် (၂၈၁၀)၊ (တပ်မြို့ တောင်ကွင်း)၊ ဦးပိုင်အမှတ်(C-၁၅)၊ ဧရိယာ(၀.၉၁၈)ဧကရှိမြေကို ဦးသောင်းစိန်အမည်ဖြင့် (၃-၃-၂၀၁၅) မှ (၂-၃-၂၀၄၅)ရက်အထိ နှစ်(၃၀) စက်မှု/စီးပွားမြေငှားဂရန် ရရှိထားပြီး ရွှေဘိုမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၅-၃-၂၀၁၉)ရက်စွဲပါ စာချုပ်အမှတ် (၅၂၃/၂၀၁၉)အရ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသော ဦးမျိုးမြင့်ထွန်းနှင့် (၂၃-၈-၂၀၂၃)ရက်၌ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်(၅၉/၂၀၂၃)ဖြင့် ရွှေဘိုမြို့၊ အမှတ်(၄)ရပ်ကွက်နေ ဒေါ်ဖြိုးဝေအေးတို့ အရောင်းအဝယ်စာချုပ်ချုပ်ဆိုထားရာ ၎င်းမှအမည်ပြောင်းစက်မှု/စီးပွား မြေငှားဂရန်အသစ်ခွင့်ပြုချထားပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာ သည့်ရက်မှစ၍ (၁၅)ရက်အတွင်း ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ရွှေဘိုမြို့**

## အများသိစေရန် ကြော်ငြာခြင်း

ကျွန်တော် ကိုထက်လင်းအောင် (LL.B) နှင့် ကသာမြို့ စိန်ရတနာ စတိုးမှ ဦးမြင့်ဇော်-ဒေါ်မျိုးမျိုး(ခ)မမျိုး (ခ)ဒေါ်သန်းသန်းငွေးတို့၏သမီး မောင်မျိုးကိုကိုကျော်၏ညီမ၊ မောင်မိုးမြင့်ပိုင်၏အစ်မဖြစ်သူ မအိခိုင်ဇင် (First Year Law) နှင့်(၂၁-၇-၂၀၂၁)ရက်တွင် နှစ်ဖက်သဘောတူညီမှုဖြင့် လက်ထပ်ထိမ်းမြားခဲ့ပြီး (၂)လ ကျော်ခန့်သာ အတူတကွ ပေါင်းသင်းနေထိုင်ပြီး တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် မအိခိုင်ဇင်သည် ၎င်း၏စိတ်ဆန္ဒအရ အသုံးအဆောင်ပစ္စည်းများအားလုံးယူဆောင်ကာ အတူတကွ ပေါင်းသင်းနေထိုင်လိုခြင်းမရှိကြောင်း ပြောဆို၍ နေအိမ်မှ (၁၇-၁၀-၂၀၂၁)ရက်မှစတင်ကာ မိမိသဘောဆန္ဒအရဆင်းသွားခဲ့သည်မှာ(၁၇-၁၀-၂၀၂၃)ရက်တွင် (၂)နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ဆင်းသွားပြီးနောက်ပိုင်းတွင် ကျွန်ုပ်၏ဂုဏ်သိက္ခာကို ကျဆင်းစေရန် Social Media (Facebook)ကိုအသုံးပြု၍ မဟုတ်မမှန်သော အကြောင်းအရာများ ဖန်တီးရေးသား၍ Post များတင်ကာ နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက် ခြင်း၊အသက်အန္တရာယ်ကို ထိခိုက်စေနိုင်သည့် Post များတင်ခြင်း၊ ဗန်းမော် Facebook Group လူမှုကွန်ရက် စာမျက်နှာတွင် ကျွန်ုပ်၏ဂုဏ်သိက္ခာကို ကျဆင်းစေရန် မဟုတ်မမှန်သည့် Postများတင်ခြင်း၊ Phone Messageမှ ယုတ်ရင်းကြမ်းတမ်းသည့်စာများ၊ ဆဲရေးတိုင်းထွာသည့်စာများအား ပေးပို့ခြင်းတို့ကို အကြိမ်ကြိမ်ပြုခဲ့ရာ ကျွန်တော်မှ အကြိမ်ကြိမ်သည်းခံခဲ့ပြီးဖြစ်ပါသည်။ ၎င်းသည် နေအိမ်မှဆင်းသွားသည့်ရက်မှစပြီး ယနေ့အချိန်ထိ ကျွန်ုပ်နှင့် မည်သည့် ဆက်သွယ်ပတ်သက်မှုမျိုးမှမရှိပါ။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို လုံးဝတာဝန်ယူ ဖြေရှင်းမည်မဟုတ်ကြောင်းနှင့် ကျွန်ုပ်၏ဂုဏ်သိက္ခာ ကျဆင်းစေရန် နည်းလမ်းပေါင်းစုံဖြင့် နှောင့်ယှက်ခဲ့မှုများအား တရားဥပဒေအရ လိုအပ်သလိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မအိခိုင်ဇင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုထက်လင်းအောင်**
**၁/မကန(နိုင်)၁၃၆၆၈၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟိုပုံးမြို့နယ်၊ အလကဟိုတိ(စငေါ်)မှ အလယ်တန်းကျောင်းအုပ် ဒေါ်ခင်ချို(ခ)နန်းခင်ချို ၁၃/ဟပန(နိုင်)၀၀၃၀၇၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်ချို(ခ)နန်းခင်ချို**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက (၁)မှ လက်ထောက်မူလတန်းပြဆရာမ ဒေါ်သဲလင်းဖြူ ၁၃/တကန(နိုင်) ၂၇၈၅၁၉ ၏ဖခင် ဦးစောနော်လေး(ခ)ဦးစောနော်နော်လေးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့၊ ပန်းပျိုးရတနာမြေ ကိုယ်ပိုင် အထက်တန်းကျောင်း Grade-9 မှ မအေး ချမ်းချမ်းဖြိုးအား ယနေ့မှစ၍ မသျှားထက်စံဟု ပြောင်းလဲခေါ်ပါရန်။

**မသျှားထက်စံ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လွိုင်ကော်မြို့၊ အထက (၆)၊ Grade (8) မှ မောင်ပိုင်ဇေယျာဖြိုး၏ဖခင် အဒူခါလစ်(ခ) မြင့်ဦးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးအစွန်(ခ)ရှင်ချီဝှာ၏ သမီးဖြစ်သူ တောင်ကြီးမြို့၊ အထက (၁၁)မှ အလယ်တန်းပြဆရာမ ဒေါ်ခင်ခင်အေး(ခ) မမွေးငယ် ၁၃/တကန(နိုင်)၀၂၇၄၁၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/64666,HONDA WAVE-110,M/C ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(သာယာဝတီ)**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း အောက်လမ်း၊ (၄)ရပ်ကွက်ရှိ၊ အမှတ် (၇/၉) အပေါ်ဆုံးထပ်(ယာ)အကျယ်အဝန်း (၂၅ ပေ xပေ ၆၀ )ရှိ တိုက်ခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရန်ကင်းလမ်း၊ အမှတ်(၃၃)၊ ၅လွှာ၊ အကျယ်အဝန်း (၂၅ ပေ x ပေ ၅၀)ရှိ တိုက်ခန်းတို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်တင်ဥမ္မာဦး (၁၂/စခန(နိုင်)၀၁၈၆၇၂)က ဝယ်ယူပိုင်ဆိုင်ထားသည့် တိုက်ခန်း နှစ်ခန်းဖြစ်ပါကြောင်းနှင့် အဆိုပါ တိုက်ခန်း ၂ ခန်းနှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်းခြင်းစသည့် တစ်စုံတစ်ရာပြုလုပ်သူအား ဥပဒေအရ အရေးယူဆောင်ရွက်ရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်ဥမ္မာဦးက ကျွန်ုပ်အားလွှဲအပ်ထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုစုခိုင် (LL.B., LL.M.) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၁၉)၊**
**အမှတ် ၉/၉၁၊ ဖရဲလမ်း၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့။**
**ဖုန်း-၀၉-၆၆၆၆၈၄၉၀၈**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ တိုက်အမှတ် ၈၃/၈၄၊ (၆-လွှာ)၊ အခန်းအမှတ်-၅၀၃၊ အကျယ်အဝန်းအလျားXအနံ(၁၇X၅၅)ပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါဝင် တိုက်ခန်းနှင့် တွယ်ကပ်ဆက်စပ်လျက်ရှိသည့် အကျိုးခံစားခွင့်များအားလုံးတို့ကို မူလမြေပိုင်ရှင်ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိလက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန္ဒာဝင်း(၁၂/လမန(နိုင်)၁၂၃၄၃၅)ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့အဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဥပဒေအရခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီစလင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၆၈၅)**
**အမှတ်-၅၅၊ ဒုတိယထပ် ၊ အခန်း-၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၉၃၁၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ လူနေရပ်ကွက်အမှတ် မြတ်ရတနာတန်ဖိုးနည်းအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ် အောင်ချမ်းသာမြို့ကွက်သစ်၊ မြေကွက်အမှတ် (၃၃၅) ဟုခေါ်တွင်သော အလျား x အနံ (ပေ ၄၀ x ၆၇ ပေ) အကျယ်ရှိ ဦးတင်ကြီး အမည်ပေါက် မြေကွက်နှင့် ယင်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံသူ ဦးမျိုးသက်(ဘ) ဦးတင်ထွန်း (၈/ခမန(နိုင်)၁၃၄၉၆၉)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ရူပသဇ္ဇာစိုး(ဘ)ဦးစိုးတင့် (၁၂/မဂတ(နိုင်)၀၉၃၄၇၉)က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေ ပေးချေ ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့် ပစ္စည်းကိုလက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇာနည် (LL.B., D.B.L)** | **ဒေါ်နှင်းနှင်းထွေး (LL.B) (စဉ်-၂၄၉၆၈)** |
| **(စဉ် - ၁၄၆၆၈)** | **ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်(LL.B) (စဉ် - ၅၀၈၅၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေများ** |

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ ၅၅ မင်းလမ်းအကွက်၊ ဦးပိုင်အမှတ် (၄၉) မြေအကျယ် (၀.၀၆၄ဧက)နှင့် ဦးပိုင်အမှတ် (၅၀) မြေအကျယ် (၀.၀၅၅ဧက) ပေါ်ရှိ အိမ်အမှတ် (၈၁)၊ ဈေးကြီးလမ်း၊ သထုံမြို့ အိမ်အပါအဝင်နှင့် မြေကွက်(၂) ကွက်အပေါ် အကျိုးခံစားခွင့်အရပ်ရပ်သည် ဦးကွေ+ ဒေါ်ထုန်တို့မှ တရားဝင်ပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ၎င်းတို့၏ သမီးများဖြစ်ကြသော ဒေါ်ခင်မြင့် [၁၀/သထန(နိုင်)၀၀၁၅၆၇]၊ ဒေါ်ခင်သန့်ဇင် [၁၀/သထန(နိုင်)၀၉၀၉၃၄]၊ ဒေါ်ရီရီ [၁၂/ကမရ(နိုင်)၀၄၅၇၂၁]၊ ဒေါ်ယဉ်ယဉ်မြင့် [၁၀/သထန(နိုင်)၀၄၅၇၇၁]၊ ဒေါ်ထွေးထွေး [၁၂/ကတတ(နိုင်)၀၂၆၅၇၅] တို့မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက်(၂)ကွက်နှင့်ပတ်သက်၍ အထက်ပါ ညီအစ်မ (၅)ဦးမှသာ စီမံဆောင်ရွက်၊ ရောင်းချပိုင်ခွင့်ရှိပြီး အခြားသူများမှ အထက်ပါ ညီအစ်မ(၅)ဦးမသိဘဲ ရောင်းချ၊ ပေါင်နှံပေးကမ်းစွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လက်ပြောင်း လက်လွှဲခြင်း၊ ပိုင်နက်ထဲ ကျူးကျော်ခြင်းမပြုလုပ်ကြရန်နှင့် အထက်ပါညီမ (၅)ဦးမသိဘဲ အလွဲသုံးစားပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင် (LLB,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၉၁)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၀၉၄၆၃၊ ၀၉-၇၉၈၄၀၆၃၇၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၁၈)လမ်း၊ အမှတ်(၉၀၄)ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်မှ ပဉ္စမထပ်(၆လွှာ) (တိုက်မျက်နှာမူ -ညာ) အကျယ်အဝန်း( ၁၉ x ၅၅ )ပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ကြူကြူသန်း (၁၂/ဥကတ(နိုင်)၁၁၉၇၇၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမျိုးသူမောင်(၉/အမဇ(နိုင်)၀၁၃၂၄၁) နှင့် ဒေါ်စိမ်းမြမြအေး(၁၂/ဗဟန(နိုင်)၀၉၃၂၂၆)တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးသူမောင် နှင့် ဒေါ်စိမ်းမြမြအေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြင့်မြင့်ဌေး LL.B.,LL.M.,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၀၄၇၉)**
**အမှတ် (၁၃၈)(မြေညီ)၊လမ်း(၄၀)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ -၇၉၉ ၆၃၄၆၃၆၊ ၀၉-၄၃၀၆၃၅၅၆**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ ကော်မတီလုပ်ငန်းများတွင် အသုံးပြုရန် ဒီဇယ်ဆီ(၄၀၀၀၀) ဂါလန်၊ Octane-92(၁၀၀၀၀)ဂါလန်နှင့် ပရီမီယမ်ဒီဇယ်ဆီ(၂၀၀၀၀] ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၃၁-၁၀-၂၀၂၃ ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂-၁၁-၂၀၂၃ ရက်
(ဂ) **လျှောက်လွှာရောင်းချမည့်နေရာ** - ၆၂လမ်း၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန
(ဃ) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်ရက်** - ၈-၁၁-၂၀၂၃ ရက်
(င) **အိတ်ဖွင့်တင်ဒါ- ဆောင်ရွက်မည့်နေရာ** ၂၆ လမ်း၊ ၇၃x၇၂ လမ်းကြား၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (၆)ထပ်ဆောင် အစည်းအဝေးခန်းမ
(စ) **တင်ဒါ(၁)စုံရောင်းဈေးနှုန်း** - ပစ္စည်း(၁)မျိုးလျှင်ကျပ်၁၀၀၀၀/-

၂။ စက်သုံးဆီသွင်းကုန်လိုင်စင် (Fuel Import License)တင်ပြနိုင်သောကုမ္ပဏီဖြစ်ရမည်။

၃။ တင်ဒါရရှိသူသည်တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများ အားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၄၀၈၀၁၅၇၊ ၀၂-၄၀၈၁၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးမြို့ တော်စည်ပင်သာယာရေးကော်မတီ**

## တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန
## "မြကန်သာပန်းခြံအတွင်း ကလေးကစားကွင်းနှင့် Coffee Shop တည်ဆောက်ခြင်းလုပ်ငန်းအတွက်စိတ်ဝင်စားမှု အဆိုပြုလွှာ Expression of Interest ( EOI ) ခေါ်ယူခြင်း"

၁။ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနပိုင် မြကန်သာပန်းခြံအတွင်း ကလေးကစားကွင်းနှင့် Coffee Shop တည်ဆောက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်မည်သူမဆိုထံမှ (၁၀၀%) ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြရန် ကြေညာခေါ်ယူအပ်ပါသည်။

၂။ စိစစ်ရွေးချယ်ရေးကော်မတီအားမိမိလုပ်ငန်းပုံစံနှင့်ပတ်သက်၍ သတ်မှတ်ရက်အတွင်း ရှင်းလင်းတင်ပြရမည်။

၃။ ရွေးချယ်ခံရသည့်အဆိုပြုလွှာကိုသာ လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ စိတ်ဝင်စားမှုအဆိုပြုလွှာပုံစံနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်စီမံကိန်းအတွက် လိုအပ်သည့် အခြေခံအချက်များကို ၂၅-၁၀-၂၀၂၃ ရက်မှ ၂၄-၁၁-၂၀၂၃ရက်အထိ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး အဆိုပြုလွှာများကို ၂၄-၁၁-၂၀၂၃ ရက် ညနေ (၁၆:၃၀)နာရီ နောက်ဆုံးထား၍ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာနတွင် တင်သွင်းရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန၏ ဖုန်းနံပါတ် ( ၀၈၁-၂၁၂၀၂၃)သို့လည်းကောင်း၊ စီမံကိန်းနှင့်ပတ်သက်၍ ထပ်မံသိရှိလိုသည်များရှိပါက ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ ဖုန်းနံပါတ် (၀၈၁-၂၁၂၄၉၈၀) သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တောင်ကြီးမြို့နယ်စည်ပင်သာယာရေးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၈၃

ဒေါ်ပြုံးပြုံး **တရားလို** နှင့် ဒေါ်သောင်းကြည် **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာမြို့သစ်ရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၇)နေ (ဘ) ဦးတုတ်၏သမီး ဖြစ်သူ ဒေါ်သောင်းကြည် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

